မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၄၈)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်နေ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ရက်၊ တနင်္လာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကူဝိတ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံ အကြီးအကဲ ရှိတ်ဆာဘား အယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အလားတူ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဂျာဘား အယ်လ်မူဘာရက် အယ်လ်ဟာမက် အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကျေးလက်နေသူများ ဝင်ငွေနှစ်ဆမှ သုံးဆတိုးအောင် စိုက်ပျိုးရေးနှင့်မွေးမြူရေး တွဲဖက်လုပ်ဆောင် ပြည်သူများပေါင်းစည်းလယ်ယာဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားများသည် ရေနှင့်မြေကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ပူးတွဲ၍ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ကြခြင်းအားဖြင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများသည် တိရစ္ဆာန်အစားအစာ၊ တိရစ္ဆာန်ဘေးထွက်ပစ္စည်းသည် စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သောသဘာဝ မြေဩဇာ၊ မြေဆီမြေနှစ်များရရှိမည် ဖြစ်ပေသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်းလယ်ယာစနစ်ကို တောင်သူများ ကျယ်ပြန့်စွာလုပ်ဆောင်ခြင်းအားဖြင့် လက်ရှိဝင်ငွေမှာ နှစ်ဆမှ သုံးဆထိတိုင်အောင် တိုးတက်ပြီး လူနေမှုဘဝမြင့်မားလာစေရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်တို့သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာအနီးရှိ မျိုးစေ့ထုတ်စိုက်ကွင်းဧက ၁၀၀ သို့ သွားရောက်၍ သက်တမ်းတို ရက် ၁၀၀ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်း၌ ၁၁ ရက်သား အဖိုလိုင်းပျိုးပင်များ ဖြစ်ထွန်းနေမှုနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးနေမှုများ၊ ချိုင်းကျေးရွာအနီး၌ သုတေသနပြု စိုက်ပျိုးထားရှိသော အဆင့်မြင့်နွားစာ မြက်စိုက်ခင်းဖြစ်ထွန်းအောင်မြင်မှု၊ တစ်နေ့လျှင် နွားနို့ ၁၀ပိဿာထွက်ရှိသော ဖရီးရှန် နို့စားနွားမ မွေးမြူရေးခြံ၊ သက်တမ်း ၅၄ ရက်သားရှိ တစ်ဧကတင်း ၁၀၀ ထွက်ရှိမည့် မြေပဲစိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးပြီး ရန်အောင်မြင်ကျေးရွာ၌ ကျေးရွာ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများနှင့်တွေ့ဆုံကာ စိုက်ပျိုးရေးနှင့်မွေးမြူရေး ပေါင်းစည်းလယ်ယာဆိုင်ရာများကို ဆွေးနွေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၅ ❁

ပြည်ထောင်စုဝန်ကြီးများ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး သက်တမ်း ၅၄ ရက်သားရှိ တစ်ဧက တင်း ၁၀၀ ထွက်ရှိမည့် မြေပဲစိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

တစ်နိုင်ငံလုံးရှိ တောင်သူများအတွက် စံနမူနာပြအဖြစ် ဖော်ထုတ်ပြီးစီးသွားသည့် အဆင့်မြင့်စံပြစက်မှုလယ်ယာမြေဧက(၃၀၀၀)

လယ်ထွန်စက်ကြီးများဖြင့် အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်မှုလုပ်ငန်းကို ဤသို့ ဆောင်ရွက်လျက်ရှိသည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ရန်ကြီးအောင်

လယ်ယာကဏ္ဍ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲခြင်း လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်နေရာတွင် တစ်နိုင်ငံလုံး၌ သမားရိုးကျ လယ်ကွက်ငယ်များဖြင့် လက်မှုလယ်ယာအဖြစ် လုပ်ကိုင်နေရာမှ ဧကကွက်၊ ဟက်တာကွက် စက်မှုလယ်ယာစနစ် (Mechanized Farm)သို့ ပြောင်းလဲဆောင်ရွက်ခြင်းဟူသည့် လုပ်ငန်းစဉ်တစ်ရပ်လည်း ပါဝင်သည်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ယင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် စံနမူနာပြစက်မှုလယ်ယာမြေများကို နိုင်ငံ၏ဗဟိုချက်မဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြုပြီး ဖော်ထုတ်ပေးလျက်ရှိသည်။

ဒက္ခိဏသီရိမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် အဆင့်မြင့်စံပြစက်မှုလယ်ယာမြေဧက ၃၀၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းမှာ အောင်မြင်ပြီးစီးသွားပြီဖြစ်၍ ဖေဖော်ဝါရီ ၂၃ ရက်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ အဆင့်မြင့်စံပြစက်မှုလယ်ယာမြေများမှာ နေပြည်တော် ဟိုတယ်ဇုန်၏အရှေ့ဘက် ငလိုက်ရေလှောင်တမံနှင့် ရန်အောင်မြင်ရေလှောင်တမံတို့၏ ဆည်ရေသောက်ဧရိယာအတွင်း၌ တည်ရှိသည်။ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကြာပင်၊ ကျွန်းတက်ပဲ့၊ ချိုင်း၊ ရွာမနှင့်

စာမျက်နှာ ၅ ကော်လံ ၁ ✻

မြန်မာနိုင်ငံဆရာဝန်အသင်းက ပြည်သူများအတွက် ရွေ့လျားကျန်းမာရေး ဝန်ဆောင်မှုများပြုလုပ်နေ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပြည်သူ့ဗဟိုပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းနှင့် ကျန်းမာရေး အဖွဲ့အစည်းများကလည်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဆရာဝန်အသင်းကလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံဆရာဝန်အသင်း၏ ပြည်သူ့ဗဟိုပြုကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို သိရှိနိုင်ရန်အတွက် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၃ နာရီက ကျင်းပသည့် မီဒီယာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကျော်မြင့်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ ပြည်သူတွေအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေ ဆောင်ရွက်နေမှုကို သိရှိလိုပါတယ်။

ဖြေ။ ။ ပြည်နယ်တွေနဲ့ ကျေးလက်ဒေသတွေမှာ ရွေ့လျားကျန်းမာရေး စောင့်ရှောက်မှုတွေကို ပြုလုပ်ပေးနေပါတယ်။ အထူးသဖြင့် ကျေးလက်တွေမှာ ငှက်ဖျားနဲ့ တီဘီရောဂါတွေကို စနစ်တကျ မှတ်တမ်းပြုစုပြီး ကုသမှုတွေပေးနေပါတယ်။ အခြားရောဂါတွေကို ကုသပေးလျက်ရှိပါတယ်။

မေး။ ။ ဘယ်နေရာဒေသတွေမှာ ပြုလုပ်နေတာလဲဆိုတာ ပြောပြပေးပါဦး။

ဖြေ။ ။ လောလောဆယ်မှာတော့

အမေးအရေး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နမ္မတူမြို့၊ နမ့်စန်မြို့၊ ရပ်စောက်မြို့တွေမှာ ပြုလုပ်နေပြီး ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တွေမှာလည်း ပြုလုပ်နေပါတယ်။ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တွေမှာတော့ ၂၀၁၂ခုနှစ် အောက်တိုဘာ ၁ ရက်မှာ စတင်ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ကချင်ပြည်နယ် တနိုင်းမြို့မှာလည်း ပြုလုပ်ခဲ့ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ ❄

သတင်းအညွှန်း

လယ်ယာကဏ္ဍ တိုးတက်မှ တောင်သူဦးကြီးတို့၏ ဘဝသည်လည်း တိုးတက်လာမည်ဖြစ်
ခေါင်းကြီး စာမျက်နှာ-၂

အမေရိကန်၏ ဒုတိယအကြီးဆုံးရေကန်တွင် ကြီးမားသော ရွှေငါးတစ်ကောင်တွေ့ရှိ
စာမျက်နှာ-၄

ဖွံ့ဖြိုးမှုအတွက် အလိုအပ်ဆုံးဖြစ်သည့် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး
ဆောင်းပါး စာမျက်နှာ-၆

ကမ္ဘာလှည့်ကားမောင်းခရီးသည်များ ရောက်ရှိ
စာမျက်နှာ-၇

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လေးစားအားထားရပါသော ဦးကြီးများ

မြန်မာနိုင်ငံသည် မြေနှင့်ရေသယံဇာတကြွယ်ဝပြီး ရာသီဥတုလည်း သင့်တင့်မျှတသဖြင့် စိုက်ပျိုးထုတ်လုပ်ရန် အကောင်းဆုံးသောအနေအထားဖြစ်သည်။ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံလည်းဖြစ်သည်။ လူဦးရေ ၇၀ ရာခိုင်နှုန်းသည်လည်း ကျေးလက်ဒေသတွင်နေထိုင်ပြီး လယ်ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။ တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံများကို အထွက်တိုးအောင် စိုက်ပျိုးနိုင်မှသာလျှင် လယ်ယာကဏ္ဍတိုးတက်လာမည်ဖြစ်သည်။ လယ်ယာကဏ္ဍ တိုးတက်မှ တောင်သူဦးကြီးတို့၏ဘဝသည်လည်း တိုးတက်လာမည်ဖြစ်သည်။ လယ်ယာကဏ္ဍတိုးတက်လာခြင်းသည် နိုင်ငံစီးပွား ဖွံ့ဖြိုးလာခြင်းပင်ဖြစ်သည်။

နိုင်ငံ့ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်မူ စက်မှုလုပ်ငန်းက အဓိကကျသဖြင့် စက်မှုလုပ်ငန်းဆီသို့ ဦးတည်ဆောင်ရွက်လျက်ရှိသည်။ လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုနိုင်ငံထူထောင်ရေးကို ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူတို့၏ စားဝတ်နေရေးအတွက် လယ်ယာကဏ္ဍကို အားထားနေရသည်နှင့်အညီ လယ်ယာကဏ္ဍတွင် လုပ်ကိုင်နေသော တောင်သူဦးကြီးများ၏ အတွေးအခေါ်အယူအဆ၊ မိရိုးဖလာအစွဲအလမ်းများ ပြောင်းလဲရန်လိုအပ်ပြီး လယ်ယာလုပ်ငန်းကို သမားရိုးကျမဟုတ်ဘဲ ပြောင်းလဲဆောင်ရွက်ကြမှသာလျှင် တောင်သူလယ်သမားများ၏ဘဝ တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။ တောင်သူလယ်သမားကြီးများအနေဖြင့် စိတ်ဓာတ်ပြောင်းလဲခြင်း၊ လယ်ယာမြေများပြုပြင်ပြောင်းလဲခြင်း၊ မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်နည်းစနစ်ပြောင်းလဲခြင်းနှင့် စက်မှုလယ်ယာစနစ်ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်သွားကြမှသာလျှင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ခေတ်မီလယ်ယာမြေများဖော်ထုတ်၍ ဆောင်ရွက်သွားပါက လယ်ယာမြေများ၏ တန်ဖိုးများသည်လည်း မူလတန်ဖိုးထက် မြင့်မားလာမည်ဖြစ်သည်။ ယခုအခါ တောင်သူဦးကြီးများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း တိုးမြှင့်ထုတ်ချေးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ကောင်းစွာအသုံးချနိုင်ပြီဖြစ်သည်။

နိုင်ငံအတွင်းရှိ လယ်ယာမြေကွက်များကို စနစ်တကျဖော်ထုတ်နိုင်မှသာ လယ်ယာမြေဆိုင်ရာ စာရင်းအင်းကိန်းဂဏန်းများ မှန်ကန်လာမည်ဖြစ်ပြီး တောင်သူလယ်သမားများသည်လည်း မိမိတို့လယ်ယာမြေတွင် ကုန်ထုတ်လမ်းများ၊ ရေသွင်း၊ ရေနုတ်မြောင်းများ စနစ်တကျရှိလာပြီဖြစ်သည်။ ယခင်က တစ်သီးနှစ်သီးသာစိုက်ပျိုးရာမှ ယခုအခါ သုံးသီးအထိ စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ထို့အပြင် ကုန်ထုတ်လမ်းများကိုအသုံးပြု၍ လယ်ယာသုံးစက်ကိရိယာများကို ကွင်းထဲအရောက် အသုံးပြုနိုင်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် သီးနှံလေလွင့်မှုတို့ကို လျှော့ချနိုင်မည်ဖြစ်သည်။ အထွက်နှုန်းများလည်း တိုးလာမည်ဖြစ်သည်။

စိုက်ပျိုးမြေများကို ကောင်းစွာအသုံးမချနိုင်၍ ထုတ်လုပ်မှုများနည်းပါးနေရခြင်းဖြစ်သဖြင့် စိုက်ပျိုးမြေများကို ပြုပြင်ပြီး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များ ပြောင်းလဲကျင့်သုံးပြီး စက်မှုလယ်ယာစနစ်ကို ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် သီးနှံများအထွက်တိုးပြီး ရိတ်သိမ်းချိန်တွင် သီးနှံအလေအလွင့်လျော့နည်းသွားမည်ဖြစ်သည်။ တောင်သူလယ်သမားများသည် သမားရိုးကျလုပ်ငန်းများကို ပြုပြင်ပြောင်းလဲလုပ်ကိုင်ကြမှသာလျှင် စိုက်ပျိုးရေးဝင်ငွေများ တိုး၍ လူမှုစီးပွားဘဝသည်လည်း ပြောင်းလဲလာမည်ဖြစ်သည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ကလည်း တောင်သူဦးကြီးများကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူဦးကြီးများကိုယ်တိုင် ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်သွားပါက သန်း ၆၀ သောပြည်သူများအတွက် အခြေခံကျသည့် စားနပ်ရိက္ခာဖူလုံရေး မပူမပင်ရအောင် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် အနာဂတ်တွင် စိုက်ပျိုးရေးအခြေခံသည့် စက်မှုနိုင်ငံအဖြစ် တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း။ ။

(၃၃)ကြိမ်မြောက်အာဆီယံရဲအဖွဲ့ ရဲချုပ်များ ညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၄

(၃၃)ကြိမ်မြောက် အာဆီယံအဖွဲ့ ရဲချုပ်များညီလာခံကို ထိုင်းနိုင်ငံ ပတ္တယားမြို့တွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ၁၅ ဦးတက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းလေကြောင်းခရီးစဉ်ဖြင့် ထိုင်းနိုင်ငံသို့ထွက်ခွာခဲ့ပြီး ပတ္တယားမြို့တွင် အစည်းအဝေး တက်ရောက်ကာ ဖေဖော်ဝါရီ ၂၂ ရက် ညနေတွင် ထိုင်းလေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

(၃၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ ရဲချုပ် ခုနစ်ဦး၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဘရူနိုင်းနိုင်ငံတို့မှ ဒုတိယရဲချုပ် သုံးဦး ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ နယူးဇီလန်၊ ကိုရီးယား၊ တရုတ်နှင့် ဂျပန်တို့မှ ရဲချုပ်သုံးဦးနှင့် ဒုတိယရဲချုပ်နှစ်ဦး၊ အင်တာပိုလ် အထွေထွေ အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေအတွင်းရေးမှူးချုပ် Mr. Ronald K.Noble နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဦးညဏ်လင်းတို့အပါအဝင် ကိုယ်စားလှယ်စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သည့် မူးယစ်ဆေးဝါးမှု၊ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ ပင်လယ်ရေကြောင်းလိမ်လည်မှု၊ စီးပွားရေးပြစ်မှု၊ ဘဏ်နှင့် အကြွေးကတ်များ လိမ်လည်မှု၊ ကွန်ပျူတာမှုခင်း၊ ခရီးသွားအထောက်အထားစာရွက်စာတမ်းအတုပြုလုပ်မှု၊ နိုင်ငံဖြတ်ကျော်လိမ်လည်မှုများကို ပူးပေါင်းတိုက်ဖျက်ရန်ကိစ္စများ၊ အာဆီယံရဲတပ်ဖွဲ့အတွင်း ကွန်ပျူတာသုံး ဆက်သွယ်ရေးစနစ်နှင့် အချက်အလက်ထိန်းသိမ်းရေး၊ ဇဟိုတိုးမြှင့်အသုံးပြုရေး၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး၊ ကျွမ်းကျင်သူနည်းပြများ ဖလှယ်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းများ အပြန်အလှန်ကျင်းပပြုလုပ်ရေး ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် အာဆီယံနိုင်ငံများအကြား ထားရှိသည့် ရင်းနှီးယုံကြည်မှု၊ ချစ်ကြည်မှုများကိုအခြေခံ၍ ပွင့်လင်းခင်မင်စွာ တက်ရောက်လာကြသည့် အဖွဲ့ခေါင်းဆောင်များက အာဆီယံ၏ အစဉ်အလာနှင့်အညီ တညီတညွတ်တည်း သဘောတူညီမှု (Consensus) အရ အတည်ပြုဆုံးဖြတ်ချက်ချပြီး ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ကြသည်။

လက်ရှိ အိမ်ရှင်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်က အာဆီယံရဲချုပ်များညီလာခံ၏ ဥက္ကဋ္ဌတာဝန်အား ၂၀၁၄ ခုနှစ် မေလအထိ ဆောင်ရွက်သွားရမည်ဖြစ်ပြီး (၃၄)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံကို ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ ကျင်းပရန် ပြင်ဆင်ထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အလျင်အမြန်ပြုပြင်သင့်သော လမ်းဓာတ်မီးတိုင်လေး

နေ့စဉ်နှင့်အမျှ ဖြတ်သွားဖြတ်လာပြုနေရသောနေရာမှ အန္တရာယ်မြင်ကွင်းလေးတစ်ခု---။

မြင်တွေ့နေရ

ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ဗိုလ်ဥတ္တမလမ်းအတွင်း(ရေတွင်းကြီးရှေ့)မှ သံဖြင့်ပြုလုပ်ထားသော လျှပ်စစ်မီးတိုင်၏ အောက်ခြေမှာ လေဒဏ်၊ မိုးဒဏ် သဘာဝတိုက်စားမှုဒဏ်ကြောင့် ကလိုင်ပေါက်ကြီးတစ်ခု ဖြစ်ပေါ်လျက်ရှိနေသည်။ ထွာဆိုင်မျှရှိသော ဓာတ်တိုင်၏သုံးပုံတစ်ပုံနီးပါးခန့်မှာ ပုံတွင်မြင်ရသည့်အတိုင်း အန္တရာယ်ကို ဖိတ်ခေါ်နေသည့်နှယ် မြင်တွေ့နေရပါသည်။

ဓာတ်တိုင်သည် လိုင်းကြိုးများ၏ ဆွဲအားကြောင့် ပေါက်သည့်ဘက်သို့ ယိုင်တိုင်တိုင်ဖြစ်နေသည့် အနေအထားတွင် ဖြတ်သွားမိတိုင်း ငါ့အပေါ်များ လဲကျလာလျှင်ဖြင့် အတွေးများကြောင့် ထိုနေရာရောက်တိုင်း မြန်နှုန်းမြှင့်ခရီးနှင်ခဲ့ရသည်။

ထိုအနီးနားဝန်းကျင်ရှိ အိမ်များကလည်း ဓာတ်တိုင်ကိုကြည့်မိတိုင်း ဘုရားတခဲ့ရသည့် ရက်ပေါင်းက နေ့စဉ်နှင့်အမျှဟုဆိုသည်။

အကယ်၍ ရုတ်တရက်လဲကျလာပါက အိမ်များအပေါ်သို့ကျနိုင်ပြီး လမ်းသွား၊ လမ်းလာခရီးသွားများ အဖို့လည်း ကံအကြောင်းမလှပါက

ထင်သာမြင်သာ ပြုပြင်စရာ

ဓာတ်လိုက်သေဆုံးမှုများ ဖြစ်လာနိုင်သည်။ ထိုအခါကျမှ အပ်နှင့်ထွင်းရမည့်ကိစ္စ ပုဆိန်ဖြင့် ရှင်းရမည့်အခြေအနေများ ဖြစ်လာနိုင်သည်။ သို့ပါ၍ သက်ဆိုင်ရာမှ အမြန်ဆုံးကွင်းဆင်းပြုပြင်နိုင်ရန် ထင်သာမြင်သာပြုပြင်စရာ မြင်ကွင်းတစ်ရပ်အဖြစ် ရေးသားလိုက်ရပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဂျပန်ကုန်စည်ပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

Japan External Trade Organization (JETRO Yangon) မှကြီးမှူး၍ ဒုတိယအကြိမ် ဂျပန်ကုန်စည်ပြပွဲ ၂၀၁၃ (Japan Festival 2013)ကို Myanmar Convention Center (MCC) တွင် မတ် ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အရည်အသွေး မြင့်မားသည့် Japan Brand ပစ္စည်းမျိုးစုံနှင့်တကွ ဂျပန်ရိုးရာယဉ်ကျေးမှုကို မြန်မာပြည်သူနှင့် မိတ်ဆက်ပေးနိုင်ရန် တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ကြည့်ရှုလေ့လာနိုင်ရန်နှင့် မြန်မာ-ဂျပန်နှစ်နိုင်ငံ ကုန်သွယ်မှု တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ အကျိုးအမြတ် တစ်စုံတစ်ရာရယူခြင်းမရှိဘဲ စီစဉ်ကျင်းပခြင်းဖြစ်သည်။

Japan Festival 2013 တွင် Japan Company ပေါင်း ၁၀၀ ကျော် ပါဝင်ပြသမည်ဖြစ်ပြီး လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများ၊ လူသုံးကုန်၊ အိမ်သုံးကုန်၊ ဆေးဝါး လုပ်ငန်းသုံးပစ္စည်းများ၊ နေရောင်ခြည် သဘာဝစွမ်းအင်သုံးပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းနှင့် အလှကုန်များ၊ စားသောက်ကုန်ပစ္စည်းများ အစရှိသည့် ပစ္စည်းအမျိုးအစားပေါင်းစုံကို လေ့လာကြည့်ရှု ဝယ်ယူနိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံမှ နာမည်ကြီး J-Pop Group တစ်ခုဖြစ်သည့် Berryz Kobo အဖွဲ့ဝင်အချို့က မတ်လ ၁၀ ရက် မွန်းလွဲပိုင်းတွင် လာရောက်ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ပြပွဲလာပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေးမှ ပွဲကျင်းပမည့်နေရာဖြစ်သော မင်းဓမ္မလမ်းရှိ Myanmar Covention Center (MCC)သို့ ပွဲကျင်းပစဉ် ရက်များအတွင်း သီးခြား Shuttle Bus များဖြင့် တစ်ရက်သုံးကြိမ် အခမဲ့ ပြေးဆွဲမည်ဖြစ်သည်။ ယာဉ်လိုင်းအချို့မှာလည်း ပုံမှန်သွားနေသည့်လမ်းကြောင်းအပြင် မြန်မာကွန်ဗင်းရှင်းစင်တာရှေ့သို့ ဝင်ရောက်ပြေးဆွဲပေးရန် စီစဉ်ထားကြောင်း သိရှိရသည်။

အောင်သူရ

ကုန်သွယ်မှုကဏ္ဍတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာအတွေ့အကြုံများကို လေ့လာရန်လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဂျပန်နိုင်ငံ နီကာတာမြို့ရှိ International University of Japan မှ ပါမောက္ခ Dr. Jay Rajasekera ခေါင်းဆောင်သောအဖွဲ့တို့သည် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ဝန်ကြီးရုံး၌တွေ့ဆုံဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဂျပန်နိုင်ငံ နီကာတာမြို့ရှိ International University of Japan မှ ပါမောက္ခ Dr. Jay Rajasekera ခေါင်းဆောင်သောအဖွဲ့တို့ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အလေးထားဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုန်သွယ်မှုကဏ္ဍတိုးတက်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် စနစ်တကျမှန်မှန်ကန်ကန်နှင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာအတွေ့အကြုံများကို လေ့လာရန်လိုအပ်မည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ဌာနဆိုင်ရာ အရာထမ်းများ၊ မူဝါဒနှင့် မဟာဗျူဟာချမှတ်မည့် အဆင့်မြင့်အရာထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှရရှိမည့် အကြံပြုချက်များကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Dr. Jay Rajasekera နှင့် ပါမောက္ခများက ကမ္ဘာ့ကုန်သွယ်မှုတွင် မြန်မာနိုင်ငံ၏ ပါဝင်နိုင်မည့်အခိကအခန်းကဏ္ဍ၊ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုဆိုင်ရာ မဟာဗျူဟာများ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ မဟာဗျူဟာများ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

နံနက်ပိုင်းတွင် အဆိုပါ ပါမောက္ခနှင့်အဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးပို့ချပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီခွဲက ပုသိမ်မြို့နယ် ကျောက်ချောင်းကြီးကျေးရွာ ပုသိမ်-ချောင်းသာကားလမ်း မိုင်တိုင်အမှတ်(၈)အနီးရှိ ကွင်းအမှတ်(၂၇/စီ) ဦးပိုင်အမှတ် (အင်န်-၁၂)၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဧရာပုသိမ် ဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သည့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကသို့ ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံကာ ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧကမျိုးစေ့ထုတ်စိုက်ခင်း အဖိုလိုင်း(R)နှင့် အမလိုင်း(A)တို့၏ ဖြစ်ထွန်းအောင်မြင်နေမှု၊ ဆင်းသွယ်လတ် စပါးစိုက်ခင်း ၁၅ ဧကနှင့် ရွှေလရောင် စပါးစိုက်ခင်း ခြောက်ဧက ဖြစ်ထွန်းအောင်မြင်နေမှုများ၊ ပုသိမ်-ချောင်းသာ ကားလမ်းမိုင်တိုင်အမှတ်(၉)အနီးရှိ ဧရာပုသိမ် ဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်၏ စပါးအဝယ်စခန်း၊ ပုသိမ်မြို့နယ် ဆင်ဂေါင်းကျေးရွာရှိ ဦးကျော်သူ၏ ဥစားဘဲမွေးမြူရေးခြံနှင့် ကိုးဆူကျေးရွာအုပ်စု RTC ကုန်းအနီးရှိ ဦးကျော်ဇေယျ၏ ဥစားဘဲနှင့် ဥစားကြက် မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားသူကြီးများ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးထပ်ဆင့်ရှင်း

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားသူကြီးများ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာက ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားသူကြီးများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ၊ လမ်းညွှန်မှာကြားချက်များကို လည်းကောင်း၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်တရားရုံးအလိုက် အမှုများကို ဥပဒေနှင့်အညီ ကြန့်ကြာမှုမရှိစေဘဲ မှန်မှန်ကန်ကန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်အေးအေးမွန်က စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို ထပ်ဆင့်ရှင်းလင်းသည်။ ထို့နောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ်တရားသူကြီးများနှင့် တရားရေးအရာရှိများက သက်ဆိုင်ရာရုံးအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်တရားရေးဦးစီးမှူးက တင်ပြချက်အပေါ် ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဒေါ်ပြုံးပြုံးအေးနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးဇော်ဝင်းတို့က အယူခံအမှု/ပြင်ဆင်အမှုများနှင့် ပတ်သက်၍ တွေ့ရှိရသည့် အတွေ့အကြုံများကို ဆွေးနွေးမှာကြားပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ကူဝိတ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ်ဆာဘား အယ်လ်ခါလစ် အယ်လ်ဟာမက် အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဖေဖော်ဝါရီ၂၂ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် လှည်းလမ်းကူးကျေးရွာ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းဆေးရုံသစ်သည် အလျားပေ ၁၂၀၊ အနံ ၆၆ ပေရှိပြီး အာရ်စီတစ်ထပ်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့ (၄) စစ်တောင်းတံတားအမှတ် (၃) (ထန်းတပင်) လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။ ယင်းတံတားသည် ခပေါင်း-မြင်းစု-ထန်းတပင်-တောင်ငူသွားသော ကားလမ်းပေါ်တွင်စစ်တောင်းမြစ်ကို ဖြတ်၍ တည်ဆောက်ထားသော အရှည်ပေ ၁၂၀၀ ရှိ တံတားဖြစ်ပြီး၊ ကားလမ်း ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီရှိကာ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ **(သတင်းစဉ်)**

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ဦးဆောင်ကော်မတီ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Ms. Bui Thi Lan နှင့် တာဝန်ရှိသူများက ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းအစီရင်ခံစာ(မူကြမ်း)အပေါ် ဖြည့်စွက်ပြင်ဆင်ရန်အချက်များနှင့် နိုင်ငံတကာ အရည်အသွေးမီသည့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ရုပ်မြင်သံကြားဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် အဆိုပြုလွှာလက်ခံရက်တိုးမြှင့်သတ်မှတ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံကို တိုက်ရိုက်ထုတ်လွှင့်ခြင်းအတွက် လည်းကောင်း၊ IBC (International Broadcasting Center) ဆိုင်ရာ လုပ်ငန်းကိစ္စအဝဝ ဆောင်ရွက်ရန်အတွက် လည်းကောင်း၊ အားကစားနည်းခုနစ်မျိုးအတွက် တိုက်ရိုက်ထုတ်လွှင့်ပြသမှု ဆောင်ရွက်ရန်အတွက် လည်းကောင်း ရုပ်မြင်သံကြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလိုသည့် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာများကို ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)သို့ ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထားပေးပို့ပါရန် နေ့စဉ်ထုတ်သတင်းစာများတွင် အသိပေးကြေညာခဲ့သည်။

ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့် ပြင်ဆင်ချိန်ပိုမိုရရှိစေရန် နောက်ဆုံးထားပေးပို့ရမည့်ရက်ကို မတ် ၁၀ ရက်အထိ တိုးမြှင့်သတ်မှတ်ထားသည်။ RFP (Request For Proposal) ကို ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လာရောက်ထုတ်ယူနိုင်သည်။ လူကိုယ်တိုင်လာရောက်ဆက်သွယ် ရှင်းပြရမည့်နေ့ရက်ကို ထပ်မံသတ်မှတ်ပြန်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

OD TOUR Since 1997
သင်္ကြန်တွင်း ခရီးစဉ်များအတွက်ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။
အန်ကောက်၊ ပတ္တရား/ဖူးခက် Mar 23, Apr 11,12,13
ဟောင်ကောင်၊ကွမ်ကျိုး၊ မကာအို Mar 23, Apr 13
အိန္ဒိယ၊နီပေါ Mar18
ဗီယက်နမ်၊ကမ္ဘောဒီးယား Mar 23, Apr 12,13
ကိုရီးယား Mar 23, Apr 11
စင်္ကာပူ၊မလေးရှား Mar 23, Apr 12,13
ကမ္ဘောဒီးယား Mar 2, Apr 12,13
စင်္ကာပူ၊ဘာလီ Mar 23, Apr 12,13
ပုဂံ၊ပုပ္ပါး၊ပခုက္ကူ(သီဟိုဠ်ရှင်)
အလောင်းတော်ကဿပ
မော်လမြိုင်၊ကျိုက္ကမီ၊စက်စဲ
အင်းလေး၊တောင်ကြီး၊ထန့်စမ်း
ပုဂံ၊ရွှေစက်တော်
ထားဝယ်၊ရှင်ကိုးရှင်
ပုဂံ၊မန္တလေး
ပုဂံ၊တောင်ကြီး
Feb 28 Mar 1/23/24 Apr 5,10,11 12,13,18
အမှတ်(၅၃)၊ကျွန်းတောလမ်း၊စမ်းချောင်း၊ရန်ကုန် ဖုန်း 01-536855, 526349, 504808, 523187 09-5108087, 09-5187045, 09-73022688

UNIQUE STAR TRAVELS & TOURS
PROMOTION (၃)ဦးဝယ်လျှင် + (၁)ဦး အခမဲ့
. တောင်ကြီး၊ အင်းလေး Mar 1,23/Apr 11,12,13 (185,000)
. ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ Mar 1,23/Apr 11,12,13 (175,000)
. ပုဂံ+မန္တလေး၊ပြင်ဦးလွင် Mar 1,23/Apr 11,12,13 (175,000)
. ပုဂံ+ရွှေစက်တော် Mar 1,23/Apr 11,12,13 (175,000)
. အလောင်းတော်ကဿပ Mar 1,23/Apr 11,12,13 (195,000)
. ချောင်းသာ HOTEL MAX Mar 24 (75,000)
. ချောင်းသာ (15,000)/ ငွေဆောင် (20,000)/ ကျိုက်ထီးရိုး (12,000)
No(5), Asia Plaza. 391 372, 391 373, 708 353, 705 723, 09 514 8079.
70/A၊ ကမ္ဘာအေးဘုရားလမ်း။ ဖုန်း။ 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166.

နိုင်ငံတကာသတင်း

ဒါးလက်စ်တိရစ္ဆာန်ရုံအတွင်းရှိ မိုးပျံရထားတစ်စင်း စက်ချွတ်ယွင်း ရပ်တန့်မှုဖြစ်

ဒါးလက်စ် ဖေဖော်ဝါရီ ၂၄

အမေရိကန်နိုင်ငံ ဒါးလက်စ်တိရစ္ဆာန်ရုံအတွင်းရှိ အပျော်စီး မိုးပျံရထားတစ်စင်းသည် ရုတ်တရက် ရပ်တန့်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၁၀၀ ခန့်အား မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ပေးခဲ့ရသည်ဟု အေပီသတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ကယ်ဆယ်

ဒါးလက်စ် မီးသတ်တပ်ဖွဲ့ဝင် ကယ်ဆယ်ရေးသမားတစ်ဦးဖြစ်သူ ဂျေဆင်အီဗန်က ခရီးသည်များအား ကယ်ဆယ်ခဲ့ရာတွင် ဖြုတ်တပ်ပြုလုပ်၍ရသော လှေကားငါးစင်းအထိ အသုံးပြုခဲ့ရသည်ဟု ဆိုသည်။ ရထားစက်ချွတ်ယွင်းချိန်တွင် ယင်းရထားသည် မြေပြင်မှ ၁၅ပေနှင့် ပေ ၂၀ကြား အမြင့်ထိရောက်ရှိနေသည်ဟု ဆိုသည်။ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ရပ်တန့်ခဲ့ခြင်းဖြစ်သည်။ ခရီးသည်များအား မိနစ် ၃၀ ကြာ ကယ်ဆယ်ခဲ့ရသည်ဟု ဆိုသည်။

အဆိုပါ ဒါးလက်စ်တိရစ္ဆာန်ရုံရှိ အပျော်စီးရထားသည် အမေရိကန်နိုင်ငံ၏တစ်ခုတည်းသော၊ အမြင့်သို့ အတက်အဆင်းလုပ်နိုင်သော မိုးပျံရထားတစ်စင်းဖြစ်ပြီး လာရောက်လည်ပတ်သူ ဧည့်သည်များကို တောရိုင်းမြေများ၊ တောအုပ်များ၊ သဲကန္တာရများ၊ မြစ်များ၊ တောင်ပေါ်ခရီးများ ပါဝင်သည့် သဘာဝပတ်ဝန်းကျင်နေရာများသို့ တစ်မိုင်ခရီးထိ ပို့ဆောင်ပေးသည်။ **(ဆင်ဟွာ)**

နျူကလီးယားဓာတ်အားထုတ်လုပ်မှုအတွက် နေရာသစ် ၁၆ ခု သတ်မှတ်ထားဟု အေအီးအိုအိုင်ဆို

တီဟီရန် ဖေဖော်ဝါရီ ၂၄

အီရန်နိုင်ငံသည် နျူကလီးယားဓာတ်အားအတွက် နေရာသစ် ၁၆ ခု သတ်မှတ်ထားကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့ အေအီးအိုအိုင်၏ ထုတ်ပြန်ကြေညာချက်ကို ဖေဖော်ဝါရီ ၂၄ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လအတန်ကြာ ကြိုးပမ်းအားထုတ်ခဲ့ပြီးနောက် နျူကလီးယားဓာတ်အားပေးစက်ရုံများအတွက် ယင်းနေရာသစ် ၁၆ ခုကို ကက်စ်ပီယံပင်လယ်၊ ပါရှန်ပင်လယ်ကွေ့၊ အိုမန်ပင်လယ် ကမ်းခြေဒေသများအပါအဝင် နိုင်ငံအနောက်တောင်ပိုင်း ခူဇီစတန်ပြည်နယ်နှင့် နိုင်ငံအနောက်မြောက်ပိုင်း အစိတ်အပိုင်းတို့တွင် သတ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း အေအီးအိုအိုင်အဖွဲ့က ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ လုပ်ငန်းများသည် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ နျူကလီးယားဓာတ်အားပေးစက်ရုံများမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်ယူရေးသည် အီရန်နိုင်ငံ၏ ကာလရှည်လုပ်ငန်းစဉ်ဖြစ်ကြောင်း အေအီးအိုအိုင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ အီရန်နိုင်ငံသည် နျူကလီးယားလက်ဝယ်ပိုင်ဆိုင်သော နိုင်ငံများအကြား ၎င်း၏နေရာကို ထပ်မံမြှင့်တင်ရန် ယူရေနီယံသတ္တုသိုက်များကို တိုးချဲ့ရှာဖွေလျက်ရှိကြောင်း ယင်းအဖွဲ့က ပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် ပြီးခဲ့သည့် တစ်နှစ်ခွဲကျော်က သတ္တုသိုက် အသစ်ရှာဖွေတွေ့ရှိခဲ့ပြီးနောက် နိုင်ငံ၏သိုလှောင်ထားသည့် သတ္တုများမှာ ပြီးခဲ့သည့် ၃၅ နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၄ ဒသမ ၅ ဆတိုးမြှင့်လာခဲ့သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ဗီယက်နမ်နိုင်ငံက သုံးခုမြောက် ဂြိုဟ်တုလွှတ်တင်မည်

ဟန်နွိုင်း ဖေဖော်ဝါရီ ၂၄

ဗီယက်နမ်နိုင်ငံက ယင်း၏ တတိယမြောက် ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေးဂြိုဟ်တုတစ်လုံးကို ယခု ၂၀၁၃ ခုနှစ် ဒုတိယမြောက်လေးလတွင် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း လွှတ်တင်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရရုံး၏ ထောက်ခံအတည်ပြုချက်တစ်ရပ်အရ သိရသည်။

ဗွီအင်န်အာရ်အီးဒီဆက်-၁ အေ အမည်ရှိ ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေးဂြိုဟ်တုကို ကမ္ဘာမြေလေ့လာမှု သဘာဝအရင်းအမြစ်များ လေ့လာစိစစ်မှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် သဘာဝဘေးအန္တရာယ်များ စောင့်ကြည့်လေ့လာမှုလုပ်ငန်းများအတွက် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း ဗီယက်နမ် အာကာသနည်းပညာဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကူထရောင်တူယင်း၏ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ် ဗင်အိတ်ပရက်စ်မီဒီယာက သတင်းတွင် ဖော်ပြသည်။

ဗွီအင်န်အာရ်အီးဒီဆက်-၁ အေ ဂြိုဟ်တုကို ပြင်သစ်နိုင်ငံ အက်စ်ထရီယန်ကုမ္ပဏီက တည်ဆောက်ပေးထားခြင်းဖြစ်ပြီး ယင်းကုမ္ပဏီအနေဖြင့် ဂြိုဟ်တုစနစ်ပြီးဆုံးကာ မြေပြင်အဆောက်အအုံများမှ လက်ခံရရှိသည်အထိ ဗီယက်နမ်ကို ထောက်ပံ့ပေးသွားမည်ဟုဆိုသည်။ ယင်းလုပ်ငန်းစဉ်အတွင်း အက်စ်ထရီယန်ကုမ္ပဏီက ဂြိုဟ်တုစနစ်ထိန်းချုပ်ရေးလုပ်ငန်းတွင် ဗီယက်နမ်နိုင်ငံသား ၁၅ ဦးကိုလည်း လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

အမေရိကန်ဒေါ်လာ သန်း ၇၀ အကုန်အကျခံတည်ဆောက်ထားသည့် အဆိုပါဂြိုဟ်တုကို ပြင်သစ်နိုင်ငံ ဂိုင်ယာနာရှိ ဂိုင်ယာနာအာကာသ လွှတ်တင်ရေးစခန်းမှ အရီယားနားစပေ့စ်ယာဉ်ဖြင့် အာကာသအတွင်း လွှတ်တင်သွားမည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၀၈ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များက ဗီနာဆက်-၁နှင့် ဗီနာဆက်-၂ ဂြိုဟ်တုများကို ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း လွှတ်တင်ခဲ့သည်။ **(ဆင်ဟွာ)**

တင်မောင်လွင် - စုစည်းသည်

မာလီ၌ တိုက်ပွဲများပြင်းထန် ပြင်သစ်တပ်များ နောက်ဆုံးအဆင့်တိုက်ခိုက်

ပါရီ ဖေဖော်ဝါရီ ၂၄

ပြင်သစ်တပ်ဖွဲ့ဝင်များသည် မာလီနိုင်ငံမြောက်ပိုင်းတွင် စစ်သွေးကြွများကို နောက်ဆုံးအဆင့်အဖြစ် တိုက်ခိုက်နေပြီဖြစ်ကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က ပြောကြားသည်။

အယ်လ်ခိုင်ဒါတို့ ပုန်းအောင်းရာ အိုင်ဖိုဂတ်စ်တောင်တန်းများအကြား တိုက်ပွဲအပြင်းအထန်ဖြစ်ပွားနေကြောင်း ၎င်းက ပြောကြားသည်။ ယင်းဒေသ၌ ပါဝင်တိုက်ခိုက်ပေးနေသော ချဒ်တပ်ဖွဲ့ဝင်များအား ပြင်သစ်သမ္မတက ချီးမွမ်းလိုက်သည်။ ဖေဖော်ဝါရီ ၂၂ ရက်က ဖြစ်ပွားသောတိုက်ပွဲတွင် ချဒ်တပ်ဖွဲ့ဝင် ၁၃ ဦး သေဆုံးပြီး စစ်သွေးကြွ ၆၅ ဦးသေဆုံးခဲ့ကြောင်း ချဒ်စစ်တပ်က ပြောကြားသည်။ ချဒ်အစိုးရက ယင်းတိုက်ပွဲတွင် တပ်ဖွဲ့ဝင် ၂၀၀၀ အသုံးပြုတိုက်ခိုက်ရန် ကတိပြုထားသည်။ အယ်လ်ဂျီးရီးယားနယ်စပ်အနီး မာလီမြောက်ပိုင်း၌ ယခုအထိ တိုက်ပွဲများ ပြင်းထန်နေဆဲဖြစ်ကြောင်း ပြင်သစ်သမ္မတက ပါရီမြို့ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ **(ဘီဘီစီ)**

အမေရိကန်၏ ဒုတိယအကြီးဆုံးရေကန်တွင် ကြီးမားသော ရွှေငါးတစ်ကောင်တွေ့ရှိ

နယူးယောက် ဖေဖော်ဝါရီ ၂၄

အမေရိကန်နိုင်ငံအတွင်းရှိ တဟိုရေကန်ထဲတွင် ထူးထူးခြားခြား အလွန်ကြီးမားသော ရွှေငါးတစ်ကောင်ကို တွေ့ရှိခဲ့ရကြောင်း **(အောက်ပုံ)** သိပ္ပံမှတ်တမ်းသတင်းတွင် ဖေဖော်ဝါရီ ၂၃ ရက်က ရေးသားဖော်ပြထားသည်။

အဆိုပါ ရွှေငါး၏အရွယ်အစားမှာ အလျား ၁ ဒသမ ၅ ပေရှိပြီး ၄ ဒသမ ၂ ပေါင်ရှိသည်။ ထို့ကြောင့် တဟိုဒေသရှိ ဇီဝဗေဒပညာရှင်များသည် အဆိုပါရေကန်တွင် ရွှေငါးအရေအတွက် များပြားလာပါက ယင်းဒေသပေါက် အခြားသော တိရစ္ဆာန်များနှင့် အပင်များ၏ မျိုးစိတ်များအပေါ် အကျိုးသက်ရောက်မှု ရှိလာမည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။

ငါးသည် ယင်းဒေသတွင် ပေါက်ပွားသည်မှာ သေချာကြောင်း၊ ငါး၏ အရွယ်အစားကြီးလွန်းနေသည်မှာ ပြဿနာဖြစ်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ် တဟိုသဘာဝပတ်ဝန်းကျင် သုတေသနပြုရေးဗဟိုဌာနမှ ပြောရေး ဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ တဟိုရေကန်သည် အမေရိကန်နိုင်ငံ၏ ဒုတိယအနက်ဆုံးရေကန်ဖြစ်ပြီး ကမ္ဘာပေါ်တွင် ၁၀ ခုမြောက် အနက်ဆုံးရေကန်လည်းဖြစ်သည်။ အနက်ဆုံးနေရာတွင် ၁၆၄၅ ပေအထိရှိသည်။ ဘူမိဗေဒဘာလော့များတွင် အဆိုပါ တဟိုဘာစင်ရေကန်သည် လွန်ခဲ့သောနှစ်ပေါင်း နှစ်သန်းကျော် သုံးသန်းလောက်ကတည်းက ဖြစ်ပေါ်ခဲ့သော ရေကန်ဖြစ်သည်ဟု ဆိုသည်။

(ဆိုင်းရှင့်စ်ရီကော်ဒါ)

သတင်းဆောင်းပါး

❊ ရှေ့ဖုံးမှ

ရန်အောင်မြင်ကျေးရွာအုပ်စု၊ လယ်ဝေးမြို့နယ်အတွင်းရှိ မှန်တောနှင့် သက္ကချင်းကျေးရွာအုပ်စုတို့မှ လယ်မြေများ ပါဝင်သည်။ အဆိုပါလယ်မြေများမှာ ဆည်ရေသောက်ဧရိယာအတွင်း ပါဝင်သော်လည်း ယခင်က ရေမြောင်းစနစ်များ၊ ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများ မရှိခဲ့သည့်အတွက် အကျိုးဖြစ်ထွန်းမှု နည်းပါးခဲ့သည်။

ပေါ်ထွန်းလာ

ယခုအခါတွင်မူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲဆောင်ရွက်ပေးမှု၊ နေပြည်တော်ကောင်စီ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသခံတောင်သူများ၏ တောင်းဆိုမှုနှင့် ပါဝင်ဆောင်ရွက်မှုများကြောင့် သုံးလတာကာလအတွင်းမှာပင် အဆင့်မြင့် စံပြစက်မှုလယ်ယာမြေအဖြစ် ပေါ်ထွန်းလာခဲ့ပေပြီ။

ထို့ကြောင့် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခဲ့မှုနှင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို သိရှိနိုင်ရန် အဆင့်မြင့် စံပြစက်မှုလယ်ယာမြေဧက ၃၀၀၀သို့သွားရောက်၍ လေ့လာကြည့်မိသည်။ လယ်ယာမြေများမှာ စနစ်ကျနသည့်ဧကကွက်များ ဖြစ်လာသည်။ လယ်ကွက်များအတွင်း အလွယ်တကူ ဝင်ထွက်သွားလာနိုင်မည့် ကုန်ထုတ်လမ်းမကြီးများ ဖောက်လုပ်ပေးထားသည်။ ရေလွှဲမြောင်းကြီးများနှင့် လယ်ကွက်တိုင်းတွင် ရေသွင်းရေထုတ်လုပ်နိုင်သည့် ရေမြောင်းများကိုလည်း တည်ဆောက်ပေးထားသည်ကိုတွေ့ရသည်။ ထို့နောက် အဆင့်မြင့်လယ်ယာမြေ ဖြစ်ပေါ်လာအောင် ဖော်ထုတ်ပေးခဲ့သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လယ်မြေများကို ပိုင်ဆိုင်သည့် ဒေသခံတောင်သူများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးစိုးလှိုင်
ညွှန်ကြားရေးမှူးချုပ်
စက်မှုလယ်ယာဦးစီးဌာန

အခုဖော်ထုတ်ပြီးစီးခဲ့တဲ့ လယ်မြေဧက ၃၀၀၀ ဟာ စက်မှုလယ်ယာဦးစီးဌာနနဲ့ ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်းပြီး စက်မှုလယ်ယာစနစ်ကျ လယ်ကွက်များအဖြစ်ဖော်ထုတ်ခဲ့တာပါ။

ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ၂၀၁၂ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့မှာ မြေပြင်တိုင်းတာမှုနဲ့ စတင်ခဲ့ပြီး ယခုနှစ်ဇန်နဝါရီလ ၃၁ ရက်နေ့မှာ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ယခင်က ကန်သင်းဟောင်းတွေကိုဖျက်၊ မြေပြုပြင်ပြီး ဧကကွက်တွေဖော်ထုတ်၊ မြေညှိစတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ရာမှာ ထွန်စက်ကြီး ၅၆ စီး၊ ထယ်ထွန် မြေညှိကိရိယာတွေကို အသုံးပြုပြီး ဝန်ထမ်း ၁၀၈ ဦးနဲ့ အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ နေပြည်တော်ကောင်စီဝင်တွေကလည်း လာရောက်ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဒေသခံတောင်သူတွေကလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းကာလကို သုံးလလျာထားခဲ့ပေမယ့် နှစ်လကျော်အတွင်းမှာပဲ ပြီးစီးခဲ့ပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းတွေကလည်း နားရက်မရှိ ကြိုးစားဆောင်ရွက်ခဲ့လို့ အခုလို မြန်မြန်ဆန်ဆန် ပြီးစီးခဲ့ခြင်း ဖြစ်ပါတယ်။

ဒီအဆင့်မြင့် စက်မှုလယ်ယာမြေဧက ၃၀၀၀ ဖော်ထုတ်ခြင်းအားဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဒီလိုစက်မှုလယ်ယာမြေတွေ ဖော်ထုတ်တဲ့အခါ လူအင်အား၊ စက်အင်အား၊ စက်သုံးဆီကုန်ကျမှုစတဲ့ လုပ်ကိုင်ကုန်ကျမှုစံနှုန်းတစ်ခုအဖြစ် တွက်ချက်ရယူနိုင်မှာဖြစ်သလို စံနမူနာပြအဖြစ်လည်း လက်တွေ့ပြသနိုင်မှာဖြစ်ပါတယ်။

သင်ကြားပေး

ဒီလိုဖော်ထုတ်ပြီးတာနဲ့ ဒီမြေတွေမှာ စိုက်ပျိုးလုပ်ကိုင်ကြတဲ့ တောင်သူတွေကလည်း စက်မှုလယ်ယာစနစ်နဲ့ စိုက်ပျိုးလုပ်ကိုင်လာမှသာ ခေတ်မီစက်မှုလယ်ယာစနစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ အရင်ကလို ကျွဲ၊ နွားနဲ့ထွန်ယက်၊ လူအားနဲ့ စိုက်ပျိုး၊ ရိတ်သိမ်းနေမယ်ဆိုရင်တော့ အလုပ်ဖြစ်မှာမဟုတ်ပါဘူး။ ဒီဧက ၃၀၀၀ အတွက် စက်မှုလယ်ယာစနစ် (Fully Mechanized) နဲ့စိုက်ပျိုးနိုင်ဖို့ ထွန်စက်ကြီး အစီး ၃၀၊ လက်တွန်းထွန်စက်အစီး ၆၀၊ ကောက်စိုက်စက် ၂၅ စီး၊ ရိတ်သိမ်းခြွေလှေ့စက်အစီး ၅၀ တို့ကိုလည်း ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ပူးပေါင်းပြီး ကြိုတင်စီစဉ်ပေးထားပြီးပါပြီ။ ဒီစက်ကိရိယာတွေကို တောင်သူတွေပိုင်ဆိုင်ပြီး သုံးစွဲနိုင်ဖို့ကိုလည်း တောင်သူအစုအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်ပေးတာတွေ၊ အရစ်ကျရောင်းချပေးတာတွေ လုပ်ပေးသွားမှာပါ။ ဒီစက်ကိရိယာတွေကို တောင်သူတွေကိုယ်တိုင် မောင်းနှင်သုံးစွဲတတ်အောင်လို့လည်း မိတ္ထီလာမှာရှိတဲ့ ကျွန်တော်တို့ဌာနရဲ့ ဗဟိုသင်တန်းကျောင်းမှာ နေပြည်တော်ကောင်စီနယ်မြေက ဒေသခံတောင်သူ ၃၆၂ ဦးကို လေ့ကျင့်သင်ကြားပေးပြီးဖြစ်ပါတယ်။

ဦးကျော်ဝင်း
ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

လယ်ယာမြေကို ခေတ်မီစက်မှုလယ်ယာမြေအဖြစ် ဖော်ထုတ်ပြီးတဲ့နောက်မှာ တောင်သူတွေ အရင်ကထက် သီးနှံပိုမိုထွက်ရှိအောင်၊ အကျိုးအမြတ်ပိုမိုရရှိအောင် ကျွန်တော်တို့က ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။ သီးနှံအထွက်ကောင်းဖို့ အခြေခံကတော့ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးတတ်ဖို့အရေးကြီးပါတယ်။ ဒီလိုရွေးချယ်စိုက်ပျိုးမှုလည်း အထွက်သေချာမှာ ဖြစ်ပါတယ်။ နောက်စိုက်နည်းစနစ်မှန်မှန်ကန်ကန်နဲ့ စနစ်တကျစိုက်ပျိုးမယ်ဆိုရင် ဘယ်သီးနှံမဆို မအောင်မြင်စရာအကြောင်း မရှိပါဘူး။ ဧကကွက်တွေလည်း စနစ်တကျပေါ်ထွန်းလာပြီ၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းတွေ စနစ်တကျတည်ဆောက်ပေးထားပြီးပြီ။ ဒါကြောင့် အချိန်မရွေး လိုအပ်သလို ရေသွင်းရေထုတ်လုပ်နိုင်ပြီဖြစ်တဲ့ ဒီလယ်မြေတွေမှာ တောင်သူတွေအနေနဲ့ တစ်ယူနစ်၊ တစ်ဧကမှ အကျိုးအမြတ်ရရှိအောင် စပါးအခြေခံသီးထပ်သီးနှံတွေကို သီးနှံပုံစံ (Cropping Pattern) မှန်မှန်ကန်ကန်နဲ့ ရွေးချယ်စိုက်ပျိုးနိုင်တော့မှာဖြစ်ပါတယ်။

ဒီလို အကျိုးအမြတ်များများရရှိနိုင်ဖို့အတွက် တောင်သူတွေအနေနဲ့ သက်တမ်းတို၊ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း သီးနှံတွေကို စိုက်ပျိုးဖို့လိုပါတယ်။ သက်တမ်းတိုစပါးမျိုးတွေစိုက်ပျိုးမယ်ဆိုရင် စိုက်ပျိုးရေလိုအပ်မှုကို လျှော့ချနိုင်တဲ့အပြင် ထုတ်လုပ်မှု ကုန်ကျစရိတ်ကိုလည်း လျှော့နည်းသက်သာစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နောက်တစ်သီးထပ်စိုက်ဖို့ကိုလည်း အချိန်လုံလုံလောက်လောက်ရရှိမှာ ဖြစ်တဲ့အတွက် သီးနှံထုတ်လုပ်နိုင်မှု စွမ်းအားကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။

သက်တမ်းတို မျိုးတွေကို ကိုယ့်ဒေသရဲ့ ရေမြေရာသီဥတုနဲ့ကိုက်ညီပြီး ဈေးကွက်တွက်ခြေကိုက်တဲ့ သီးနှံတွေကို ရွေးချယ်စိုက်ပျိုးခြင်းအားဖြင့် တောင်သူတွေ ဝင်ငွေတိုးတက်ရရှိပြီး လူနေမှုဘဝမြင့်မားလာမှာ အသေအချာပါပဲ။ (ဆက်လက်ဖော်ပြပါမည်)

အဆင့်မြင့် စံပြစက်မှု လယ်ယာမြေဧက (၃၀၀၀) အတွင်းရှိ စပါးပျိုးခင်းတစ်ခု။

စာပေမြင့်မှ လူမျိုးတင့်မည်

ထိုင်းဘုရင်ဟောင်းအုတ်ဂူအတွင်းရှိ အရိုးပြာတူးဖော်မှုစတင်

မန္တလေး ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဦးပိန်တံတားအနောက်ထိပ် ဆင်စွယ်ပွတ်ရပ်ကွက်ရှိ လင်းဇင်းကုန်းသုသာန်တွင် ထိုင်းဘုရင်ဟောင်း၏ အုတ်ဂူအတွင်းရှိ အရိုးပြာတူးဖော်မှုလုပ်ငန်းကို ထိုင်းနိုင်ငံမှ သမိုင်းပညာရှင်များနှင့် ဗိသုကာပညာရှင်များက ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်၍ တူးဖော်ရှာဖွေလျက်ရှိသည်။ (အောက်ပုံ)

အဆိုပါ တူးဖော်မှုနှင့်ပတ်သက်၍ ထိုင်းဘုရင်ဟောင်း အုတ်ဂူရှာဖွေရေးအဖွဲ့မှ ဒုတိယအဖွဲ့ ခေါင်းဆောင် မစ္စတာ မစ်အတ်(စ်)ကို သတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်တို့အဖွဲ့အနေဖြင့် လင်းဇင်းကုန်းသုသာန်တွင် ထိုင်းဘုရင်ဟောင်း အုတ်ဂူလို့ယူဆရသော အုတ်ပုံနှင့် မဏ္ဍလာတိုင်တစ်ခုကို ဖေဖော်ဝါရီ ၂၀ ရက်က မြက်ပင်များနှင့် အမှိုက်တွေရှင်းလင်းခဲ့ပါတယ်။ ရှင်းလင်းချိန်မှာ အဆိုပါအုတ်ပုံရဲ့ အရှေ့ဘက်မှာ လူတစ်ယောက်ခန့် ဝင်လို့ရတဲ့ အပေါက်တစ်ခုကို တွေ့ရှိခဲ့ရပါတယ်။ အဲဒီအပေါက်က လွတ်လပ်ရေးမရမီကတည်းက ဖောက်ခဲ့တယ်ဟု ယူဆရပါတယ်။ အတွင်းထဲထိ အပေါက်ကတော့ မပေါက်သေးပါဘူး။ မဏ္ဍလာတိုင်ရဲ့ အရှေ့ဘက်မှာလည်း အနည်းငယ် ကွဲအက်နေပါတယ်။ မဏ္ဍလာတိုင်လေးခုမှာ အုတ်ပုံရဲ့အနောက်ဘက်မှာရှိတဲ့ တစ်ခုသာအကောင်းပတိ ရှိပါတယ်။ မဏ္ဍလာတိုင်လေးခုမှာ ပုံသဏ္ဌာန်က နှစ်မျိုးကွဲနေပါတယ်။ အုတ်ပုံရဲ့ အရှေ့ဘက်မှာအုတ်တံတိုင်းနဲ့ မုခ်ဦးအပျက်တွေရှိပါတယ်။ ယခုအခက်အခဲ မတွေ့ရှိရသော်လည်း ကျွမ်းကျင်လုပ်သားများ မရှိတာကြောင့် အချိန်ကြန့်ကြာမှု ရှိပါတယ်။ ဖေဖော်ဝါရီ ၂၂ ရက်က အုတ်ပုံအတွင်းထိတူးဖော်နိုင်ခဲ့ရာ အတွင်းမှာ မည်သည့်အထောက်အထားပစ္စည်းကိုမျှ မတွေ့ရှိရပါဘူး။ အဲဒီအတွင်းပေါက်က ကိုးပေခန့်ရှည်ပြီး တူးဖော်ဆောင်ရွက်ရာမှာ ရှေးဟောင်းပစ္စည်းများဖြစ်တာကြောင့် ပျက်စီးမှုမရှိဘဲ မူလအတိုင်းတည်ရှိအောင် ကြိုးစားဆောင်ရွက်ရပါတယ်။ အခု ဆက်လက်ပြီး အုတ်ပုံရဲ့ဘေးပတ်လည်မှာ ဖောင်ဒေးရှင်းကို တူးဖော်နေပါတယ်။ အဲဒီဖောင်ဒေးရှင်းပေါ်လာရင် အုတ်ပုံနဲ့တည်ဆောက်မှုကို ခန့်မှန်းနိုင်ပြီဖြစ်ပါတယ်။ ယခုအခြေအနေမှာတော့ ဖောင်ဒေးရှင်းရဲ့အနက်ကို မသိရသေးပါဘူး။ အဲဒီဟာတွေဆောင်ရွက်ပြီးရင် အုတ်ပုံဘေးပတ်လည်မှာ သံငြမ်းတွေဆင်ပြီး အထဲကိုဖောက်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ အုတ်ပုံအတွင်းမှာ မည်သည့် အထောက်အထားပစ္စည်းမှ မတွေ့ရှိရဘူးဆိုရင် မဏ္ဍလာတိုင်ကို တူးဖော်ရှာဖွေမှာဖြစ်ပါတယ်။ မဏ္ဍလာတိုင်ကို မူလအတိုင်းမပျက်စီးအောင် ထိန်းသိမ်းပြီး ရှာဖွေမှာဖြစ်ပါတယ်။

"ရှာဖွေတွေ့ရှိရာတွင် ကျောက်စာနဲ့အထောက်အထားပစ္စည်းများ အရိုးပြာကိုတွေ့ရှိပါက ထိုင်းဘုရင်ဟောင်းအုတ်ဂူဖြစ်ကြောင်း အခိုင်အမာပြောနိုင်ပါတယ်။ အဲဒီ အထောက်အထားတွေနဲ့အတူ မတွေ့ရှိရပါက အရိုးပြာကို DNA စစ်ဆေးမှာ ဖြစ်ပါတယ်။ စစ်ဆေးရာမှာ အယုဒ္ဒယမျိုးဆက်ဖြစ်ပါက ထိုင်းဘုရင်ဟောင်းအုတ်ဂူဖြစ်တယ်လို့ အခိုင်အမာပြောနိုင်ပါတယ်။ ထိုင်းဘုရင်ဟောင်းအုတ်ဂူဖြစ်ပါက ထိုင်းနိုင်ငံသို့ပြောင်းရွှေ့သယ်ယူမည့် အစီအစဉ်မရှိဘဲ နှစ်နိုင်ငံအစိုးရ ညှိနှိုင်း၍ဆောင်ရွက်မှာဖြစ်ပါတယ်။ ထိုင်းဒေသခံပြည်သူများက ထိုင်းဘုရင်ဟောင်း အရိုးပြာကိုပူဇော်လိုပါက မြန်မာအစိုးရနဲ့ ညှိနှိုင်းပြီး အနည်းငယ်မျှသာ ယူဆောင်မှာဖြစ်ပါတယ်။ ယခုလို ရှာဖွေတူးဖော်ရာမှာ ရှေးဟောင်းသုတေသနဌာနက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ အခုတူးဖော်နေတဲ့အရာများက နှစ်ပေါင်း ၂၀၀ ကျော်သက်တမ်းရှိသည့် ရှေးဟောင်းသမိုင်းဝင်ပစ္စည်းများ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

မန္တလေးမြို့နှင့် အနီးဝန်းကျင်တွင် ယဉ်ကျေးမှုနှင့်သမိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအဆောက်အအုံများနှင့် ဂူဗိမာန်များကို ဒေသခံပြည်သူများအနေဖြင့် ပျက်စီးမှုမရှိအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိနေပြီး အဆိုပါအဆောက်အအုံများသည် နိုင်ငံနှင့်လူမျိုးအတွက်လည်း အဖိုးမဖြတ်နိုင်သော နိုင်ငံ့ရတနာများပင်ဖြစ်သည်။ (ဝ၄ဝ)



❁ ရှေ့ဖုံးမှ

ထိုသို့ဆွေးနွေးရာ၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကျေးလက်နေပြည်သူများ ဝင်ငွေခိုင်ခံ့ကောင်းမွန်အောင် လက်ရှိအနေအထားတွင် တင်းတိမ်ရောင့်ရဲမနေဘဲ ဝင်ငွေနှစ်ဆမှ သုံးဆတိုးတက်အောင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတွဲဖက်လုပ်ဆောင်ပြီး ပေါင်းစည်းလယ်ယာဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးမှာကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးရွာသူကျေးရွာသားများ စိုက်ပျိုးရေးနှင့် တွဲဖက်လျက် နေ့စဉ်စားဝတ်နေရေး လိုအပ်ချက်များကို အထောက်အကူပြုနိုင်ရန်၊ မိသားစုစီးပွားရေး အထောက်အကူရရှိရန် ကြက်၊ ဝက်၊ နွားများ တစ်ပိုင်တစ်နိုင်မွေးမြူကြရန်နှင့် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ရန်အောင်မြင်ကျေးရွာ ဆောက်လုပ်ဆဲ မူလတန်းကြိုကျောင်းကို သွားရောက်ကြည့်ရှုပြီး ကျောင်းဆောင်အတွက် ငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဆောင်းပါး

ဖွံ့ဖြိုးမှုအတွက် အလိုအပ်ဆုံးဖြစ်သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး

ခင်ချင်းတွင်

တိုင်းပြည်တည်ငြိမ်အေးချမ်းရေး (Peace and stability) နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး (Socio-economic Development) တို့သည် တစ်ခုနှင့်တစ်ခု ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသကဲ့သို့ အမှီသဟဲပြုလျက် ရှိသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှလည်း တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်သည်။

အားလုံးလိုလားကြသည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တစ်ဆင့်ပြီးတစ်ဆင့် ညှိနှိုင်းဆွေးနွေးမှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရအောင် ကြိုးစားဆောင်ရွက်လျက်ရှိကြရာတွင် KIO မှလွဲ၍ ကျန်အဖွဲ့ ၁၀ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီး နိုင်ငံရေးအရ ဆွေးနွေးမည့် Political Dialogue ကိစ္စရပ်များကို ယခုနှစ်နှစ်ဦးပိုင်းမှစပြီး ဆောင်ရွက်ရန် ပြင်ဆင်ပြီးဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

KIO နှင့်လည်း ချင်းမိုင်တွင် ငြိမ်းချမ်းရေး ညှိနှိုင်းလျက်ရှိရာ အချက် (၄)ချက် သဘောတူညီမှုများရှိပြီး တစ်ဖက်နှင့်တစ်ဖက် ဖြေလျှော့မှု၊ ညှိနှိုင်းမှုများအတိုင်း အတာတစ်ခုအထိ ခရီးရောက်လျက်ရှိသည်ဟု လေ့လာသိရှိရပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများကို စာရေးသူအပါအဝင် ကျန်ပြည်သူများက စိတ်အားထက်သန်စွာဖြင့် စောင့်ကြည့်ရင်း KIO နှင့် ဆွေးနွေးညှိနှိုင်းမှုအောင်မြင်ပြီး လွတ်လပ်ရေးရပြီးသည်မှ နှစ်ပေါင်း ၆၀ အတွင်း ပထမဆုံးအဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တည်ငြိမ်အေးချမ်းမည့်နေ့ကို သမိုင်းတွင်မည့် နေ့တစ်နေ့အဖြစ် ဆင်နွှဲနိုင်ကြရေး မျှော်လင့်ဆုတောင်း နေကြမည်သာ ဖြစ်သည်။ သို့ဆိုလျှင် မြန်မာနိုင်ငံ၏ အိမ်တွင်းဖြစ် တည်ငြိမ်အေးချမ်းရေးနှင့် ပြုပြင်ပြောင်းလဲမှုပုံစံ (Home Grown Model) အား ကမ္ဘာမှ အသိအမှတ်ပြုရပေလိမ့်မည်။

နားလည်ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ရေးကိုအခြေခံကာ တိုက်ပွဲများကြောင့် ရွှေ့ပြောင်းနေထိုင်ခဲ့ရသူများ၊ ငြိမ်းချမ်းရေးရယူခဲ့သည့် အဖွဲ့များ၏ လူမှုစီးပွားအခြေအနေများ တိုးတက်ကောင်းမွန်စေရေးနှင့် အဆိုပါဒေသများတွင် စီးပွားရေးအခွင့်အလမ်းနှင့် အလုပ်အကိုင်ဖန်တီးပေးရေးတို့သည်လည်း ထာဝရငြိမ်းချမ်း ရေးအတွက် အလွန်အရေးပါလျက်ရှိပါသည်။

အလုပ်အကိုင် ဖန်တီးရေး

မိမိနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေ၍ အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ရသဖြင့်လည်း အဖြည့်ခံ ရွှေ့ပြောင်းလုပ်သား (Fill in migration) များအနေဖြင့် အခြားနိုင်ငံသားများမဆောင်ရွက်လိုသည့် အလုပ်များ (3 D Jobs-Danger, Difficult and Dirty Jobs) လုပ်ကိုင်ရပြီး တန်းတူအခွင့်အရေးများကို ခံစားခွင့်မရရှိသည့်အပြင် လူမှုရေးဆိုင်ရာ အခက်အခဲများလည်း ရင်ဆိုင်ကြရပါသည်။ သို့ဖြစ်ပါ၍ ပြည်ပရောက် မိမိနိုင်ငံသားများအတွက် အလုပ်အကိုင်ဖန်တီးရေးနှင့် အလုပ်သမားအခွင့်အရေးများကို ရရှိခံစားနိုင်ရန် ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်မှုသည် ဆင်းရဲမှုလျှော့ကျရေးနှင့် နိုင်ငံဖွံ့ဖြိုးမှုအတွက် များစွာအရေးပါလျက်ရှိပါသည်။

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်ဦးကျ GDP တိုးတက်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုအခြေအနေ တိုးတက်ကောင်းမွန်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးမှုသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးပေသည်။ သို့ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရေးအတွက် နိုင်ငံတကာမှ အရင်းအနှီးများ စီးဆင်းဝင်ရောက်လာရေး၊ နိုင်ငံခြားအကူအညီအထောက်အပံ့များ ရရှိရေး၊ တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေများရရှိရေးနှင့် ကြွေးမြီဖြေရှင်းရေးကိစ္စများကို နိုင်ငံတော်က ဦးစားပေး ဆောင်ရွက်လျက်ရှိပေသည်။ မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍစုံ၌ ပြုပြင်ပြောင်းလဲမှုများအပေါ် မူတည်၍ နိုင်ငံတကာနှင့်ဆက်ဆံရေးသည်လည်း နွေးထွေးလာပြီး နားလည်မှုများ ဖြစ်ထွန်းလာခဲ့ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်းအပေါ် မှီခိုအားထားလုပ်ဆောင်ခဲ့သည့် အစဉ်အလာမှ နိုင်ငံတကာ အကူအညီအထောက်အပံ့ချေးငွေနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ရယူအသုံးပြု၍ ကဏ္ဍအလိုက်၊ ဒေသအလိုက် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မေလ ၁၁ ရက်တွင် ကျင်းပခဲ့သည့် ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်မှုများပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပထမအကြိမ်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ယမန်နှစ်ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်နေ့များတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကမ္ဘာအထိပျံ့နှံ့သိရှိစေမည့် နေပြည်တော် သဘောတူညီချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ကာ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ထိရောက်သော အကူအညီများ ဖြစ်စေရေးအတွက် ကတိကဝတ်များပြုခဲ့ပြီး ဖြစ်ပါသည်။ လက်ရှိတိုးတက်လာသည့် နိုင်ငံခြားအကူအညီအထောက်အပံ့များကို ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက်လည်း အဖွဲ့အစည်း (Institution) နှင့် စီမံခန့်ခွဲမှု ယန္တရား(Mechanism) တစ်ရပ်ကို ထူထောင်ခဲ့ပါသည်။

မိမိတို့နိုင်ငံတွင် အစိုးရသစ်လက်ထက်၌ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံခြားဆက်ဆံရေး တိုးတက်ကောင်းမွန်လာခဲ့ပြီး အလှူရှင်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများထံမှ နိုင်ငံခြားအကူအညီအထောက်အပံ့များသည် ယခင်ကထက်များစွာ တိုးတက်စီးဝင်လျက်ရှိနေပေသည်။ သို့သော် ရတ်တရက် ရေကန်အသင့် ကြာအသင့်နှင့် အားလုံးချက်ချင်း မဖြစ်နိုင်ပါ။ ဥပမာ- စီမံချက်တစ်ခုဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု၊ စရိတ်နှင့်အကျိုးအမြတ် နှိုင်းယှဉ်တွက်ချက်မှု၊ သဘောတူညီချက် ချုပ်ဆိုရန် ညှိနှိုင်းမှုများ အချိန်အတိုင်းအတာတစ်ခုအထိ လိုအပ်ပါသည်။

ယခုအခါ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများ ရှိစေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားရှိကာ အဆိုပါဥပဒေကို စီမံခန့်ခွဲမှုစွမ်းအား (Administrative power) ဖြင့် အမျိုးသားအကျိုးစီးပွား မထိခိုက်စေရန် ပြန်လည်ထိန်းကျောင်းသည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

ပို့ကုန်ပစ္စည်းများကို ဈေးကွက်ယှဉ်ပြိုင်နိုင်မှု တိုးတက်စေရေးအတွက် လိုအပ်သည့် စီးပွားရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသကဲ့သို့ စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိသည့် အခြေအနေရောက်ရှိစေရန် ပို့ကုန်ခွန် လျှော့ချပေးခြင်းနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူအဆင်ပြေချောမွေ့အောင် လုပ်ဆောင်ပေးလျက်ရှိပါသည်။ ပို့ကုန်ပမာဏပြန်လည်တိုးမြှင့်လာစေရေးအတွက် အသေးစားနှင့် အလတ်စားထုတ်လုပ်မှု အထောက်အပံ့များ (Production Subsidies) ပြုလုပ်ပေးရန်အတွက်လည်း အတိုးမဲ့နှင့် အတိုးနှုန်းသက်သာသည့် ချေးငွေများကို ရှာဖွေလျက်ရှိပါသည်။

သွင်းအားစု စက်ကိရိယာ၊ ကုန်ကြမ်း စသည့် သွင်းကုန်ပစ္စည်းများ တင်သွင်းမှု လွယ်ကူအဆင်ပြေစေရေး ဆောင်ရွက်ရန်နှင့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေးအပြင် မြန်မာ့ဈေးကွက်သာမက ကမ္ဘာ့ဈေးကွက်အခြေအနေအထိ ကျယ်ပြန့်စွာ ထိုးဖောက်နိုင်ရန်အတွက် ကမ္ဘာ့ဈေးကွက်အခြေအနေသုတေသနနှင့် သတင်းအချက်အလက်၊ စီးပွားရေးကွန်ရက်ချိတ်ဆက်မှုများကို မြှင့်တင်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။ အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် ဝင်ရောက်နိုင်စေရန်အတွက်လည်း ရေရှည်နည်းလမ်းအားဖြင့် ပြည်တွင်းထုတ်ကုန်စည်များအတွက် ပြည်ပဈေးကွက်တိုးမြှင့်ရှာဖွေရန်၊ မေခရိုစီးပွားရေး တည်ငြိမ်စေရန်၊ နည်းပညာများ၊ ထုတ်လုပ်မှုအရည်အသွေးများမြှင့်တင်၍ ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ကျနိုင်မည့် နည်းလမ်းအမျိုးမျိုးရှာဖွေရန်၊ အခြေခံအဆောက်အအုံများ တိုးမြှင့်ကောင်းမွန်စေရန်၊ လုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲညှိနှိုင်းကာ နိုင်ငံ့စီးပွားရေးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ဒေသတွင်းဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက် မိမိထုတ်ကုန်များယှဉ်ပြိုင်မှု တိုးတက်စေရန် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို ပိုမိုကြိုးစားအားထုတ် ဆောင်ရွက်ရန်မှာလည်း အရေးပါလှပါသည်။

နိုင်ငံတော်သမ္မတ အပါအဝင် အကြီးအကဲများအနေဖြင့် မိမိနိုင်ငံအတွင်းသို့ လာရောက်တွေ့ဆုံသော နိုင်ငံခြားသားကိုယ်စားလှယ်အဖွဲ့များအား လက်ခံတွေ့ဆုံလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း ချစ်ကြည်ရေးခရီး၊ အလုပ်သဘောခရီးစဉ်များ သွားရောက်ကာ ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်သည့်သတင်းများကို ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် တွေ့မြင်နေကြရသည်။

သန်း ၆၀ သော ပြည်သူများအတွက် နိုင်ငံတော်သမ္မတကြီးက "မြန်မာနိုင်ငံအတွက် Marketing လုပ်ရမည့်အချိန်" ဟု ခံယူပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျန်ရှိသော Stakeholders များ၊ ပြည်သူများအနေဖြင့်လည်း တက်ကြွစွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အနောက်မခွဲခြားဘဲ မိတ်ဆွေနိုင်ငံများပေါ်များလာစေရန် ဈေးကွက်များရှာဖွေကာ ဆောင်ရွက်လျက်ရှိရာ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ကောင်းမွန်လာစေမည့် လင်းရောင်ခြည်များ ပေါ်ထွန်းနေပြီဖြစ်သည်။ နိုင်ငံတော်က ဆောင်ရွက်နေသော လူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးမူဝါဒကို ပြည်ပနိုင်ငံများကလည်း ယုံကြည်ကြသည့်အလျောက် စီးပွားရေးပိတ်ဆို့မှုများလည်း ပြေလျှော့လာပြီဖြစ်သည်။

နိုင်ငံတော်တွင် ဖော်ဆောင်နေသော ပြုပြင်ပြောင်းလဲမှုများနှင့် ပူးတွဲပေါ်ထွက်လာသည့် နိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသော ဆန္ဒပြတောင်းဆိုမှုများနှင့်စပ်လျဉ်း၍ ဂျာနယ်များတွင်သော်လည်းကောင်း၊ အွန်လိုင်းစာမျက်နှာများတွင် သော်လည်းကောင်း မကြာခဏ တွေ့မြင်နေရပါသည်။ ငြိမ်းချမ်းစွာ ဖွင့်ထုတ်ဆန္ဒပြခြင်းသည် ဒီမိုကရေစီအခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်ဟု ရိုးရှင်းစွာလည်း ရှုမြင်နိုင်ပါသည်။ သို့သော် ဒီမိုကရေစီကျင့်စဉ်ကို စတင်လေ့ကျင့်ကာ စမရင့်ကျက်သေးသည့် နိုင်ငံတစ်ခုအနေဖြင့် အဆိုပါဆန္ဒပြခြင်းသည် ထူးဆန်းပေါ်လွင်နေ၍ နိုင်ငံများစွာမှ သတိထားကြည့်ရှုနေကြသည်ကိုလည်း သတိပြုရပါမည်။

ရတောင့်ရခဲထူးခြားသည့်အခြေအနေ၊ အချိန်အခါတို့ကို အသုံးချရေး

ယခုအချိန်အခါသည် မိမိတို့နိုင်ငံအနေဖြင့် ရတောင့်ရခဲထူးခြားသည့်အခြေအနေ၊ အချိန်အခါပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ အဆိုပါထူးခြားသည့်အခြေအနေ၊ အချိန်အခါတို့ကိုအသုံးချ၍ စည်းလုံးညီညွတ်စွာဖြင့် လက်ရှိမျိုးဆက်တို့က ကောင်းစွာအသုံးချ၍ အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် စွန့်လွှတ်စွန့်စားခြင်းများဖြင့် နိုင်ငံ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါလျှင် မိမိတို့နိုင်ငံမှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ကာ သာယာဝပြောလှပမည့် အနာဂတ်သို့ ဦးတည်နေမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ဂုဏ်သိက္ခာအပြည့်အဝဖြင့် ကမ္ဘာ့အလယ်တွင် ရပ်တည်နေရန်မှာ မိမိတို့နိုင်ငံသားများ အားလုံး၏ စည်းလုံးညီညွတ်မှု၊ လိမ္မာပါးနပ်မှု၊ နားလည်သည်းခံမှုတို့အပေါ် များစွာမူတည်နေပါတယ်။

အိမ်သာမှ ညှော်လာပါမည်

မြန်မာစကားပုံအရ အိမ်သာမှ ညှော်လာပါမည်။ အိမ်မသာ၍ ညှော်မလာလျှင် ဝင်ငွေဖန်တီးမှု၊ အလုပ်အကိုင်ဖန်တီးမှုများ မဖြစ်နိုင်ပါ။ ဥပမာ-ခရီးသွားလုပ်ငန်းနှင့် ဒေသအသီးသီးသို့ သွားရောက်ရင်းနှီးမြှုပ်နှံမှုများကသာလျှင် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်း/ပြည်ပဧည့်သည်များအနေဖြင့် ငြိမ်းချမ်းသောဒေသများတွင်သာ ခရီးသွားလာနိုင်မည်ဖြစ်ပြီး အချိန်အခါမရွေး သွားရောက်နိုင်မှသာ အဆင်ပြေမည်ဖြစ်ပါသည်။ သို့မဟုတ်ပါက လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် များစွာနှောင့်နှေးကြန့်ကြာနိုင်ပါသည်။ နိုင်ငံတော်အေးချမ်းသာယာမှသာ တိုင်းသူပြည်သားများ သာယာဝပြောနိုင်ပေမည်။ သို့ဖြစ်ရာ တရားဥပဒေစိုးမိုးရေး (Rule of Law)အရ ဥပဒေနှင့်အညီ ညှိနှိုင်း ဖြေရှင်းရန် လိုအပ်သည်။

"တတ်သိသူများ"နှင့် "သိတတ်သူများ" လိုအပ်လျက်ရှိ

ယခုအခါ နိုင်ငံတော်တွင် "တတ်သိသူများ" လိုအပ်လျက်ရှိသကဲ့သို့ "သိတတ်သူများ"လည်း လိုအပ်လျက်ရှိပါသည်။ စာရေးသူ ဆိုလိုချင်သည်မှာ မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ ၂၁ ရာစု စိန်ခေါ်မှုများနှင့်အညီ အရည်အချင်းမြင့်မားစွာ လုပ်ငန်းယန္တရားလည်ပတ်စေနိုင်စေရေးအတွက် အစိုးရဌာနများတွင်ဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းခွင်များတွင်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ကြသည့် လူသားအရင်းအမြစ်များ အရည်အသွေးဖွံ့ဖြိုးလာစေရန် လိုအပ်သကဲ့သို့ အခြေအနေနှင့် အချိန်အခါအပေါ် နားလည်သိတတ်သူများ၊ အပြောလွယ်သလောက် အလုပ်ခက်သည့်သဘောကို သိရှိနားလည်စွာဖြင့် အပြုသဘောဖြင့် ပါဝင်ဆောင်ရွက်မည့်သူများလည်း လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ သမာသမတ်ရှိသော လူမှုအသိုက်အဝန်း ဖြစ်ပေါ်စေရန်အတွက် နိုင်ငံ၏ Stakeholders များအားလုံးသည် နိုင်ငံကြီးသားပီသသည့် ယုံကြည်ချက်၊ ခံယူချက်၊ အကျင့်စာရိတ္တ၊ စိတ်ဓာတ်နှင့် အပြုအမူအရည်အသွေးမြင့်မားပြီး သန့်စင်မွန်မြတ်မှုသာ ဒီမိုကရေစီသဘောတရားများ (Democratic Principles) များကို အဆင့်မြင့်မြင့်ကျင့်သုံးအပ်ပေလိမ့်မည်။ သမာသမတ်ရှိသော လူမှုအသိုက်အဝန်း ဖြစ်ပေါ်စေရန် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်းနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အနောက်မခွဲခြားဘဲ မိတ်ဆွေနိုင်ငံများပေါ်များလာစေရန် ဈေးကွက်များရှာဖွေကာ ဆောင်ရွက်လျက်ရှိရာ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ကောင်းမွန်လာစေမည့် လင်းရောင်ခြည်များ ပေါ်ထွန်းနေပြီဖြစ်သည်။ နိုင်ငံတော်က ဆောင်ရွက်နေသော လူမှုရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲရေးမူဝါဒကို ပြည်ပနိုင်ငံများကလည်း ယုံကြည်ကြသည့်အလျောက် စီးပွားရေးပိတ်ဆို့မှုများလည်း ပြေလျှော့လာပြီဖြစ်သည်။

ပြည်တွင်းသတင်း

ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဆောင်ရွက်မည့် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက် တင်ဒါရွေးချယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ပညာရေး၊ ကျန်းမာရေးနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းတို့အတွက် Lot ခြောက်ခု သတ်မှတ်ရန် တင်ဒါရွေးချယ်ခဲ့ကြောင်း၊ Asia Metal Construction Co.,Ltd. မှ Lot နံပါတ်(၁)ဖြစ်သည့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်း ၁၁ ကျောင်းနှင့် Lot နံပါတ်(၂)ဖြစ်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အခြေခံပညာကျောင်း ၁၀ ကျောင်းတို့အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၇၆ သန်းဖြင့် လည်းကောင်း၊ Lot နံပါတ်(၅)ဖြစ်သည့် ချင်းပြည်နယ်အတွင်းရှိ တံတားငါးစင်းနှင့် Lot နံပါတ်(၆)ဖြစ်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဘေလီတံတား သုံးစင်းအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၇ သန်းဖြင့်လည်းကောင်း တင်ဒါအောင်မြင်ခဲ့ပြီး Yaungnioo Co.,Ltd. မှ Lot နံပါတ်(၃)ဖြစ်သည့် ချင်းပြည်နယ်အတွင်းရှိ ကျန်းမာရေးအဆောက်အအုံ ကိုးလုံးအတွက် အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၅၄ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့ကြောင်း။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် မြို့နယ် သုံးမြို့နယ်တွင် ကျေးလက်ကျန်းမာရေး အဆောက်အအုံရှစ်လုံး တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၃၄ သန်းဖြင့် Lot နံပါတ်(၄)အား ဆောင်ရွက်မည့်ကုမ္ပဏီမရှိသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တာဝန်ရှိသူများသို့ လုပ်ငန်းဆောင်ရွက်ရန် လွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ထပ်မံကုန်ကျမည့် ကုန်ကျစရိတ်များအတွက် ဝန်ကြီးဌာနက ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် အိန္ဒိယနိုင်ငံအစိုးရ အထောက်အပံ့တို့ဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုမ္ပဏီအဖွဲ့အစည်းများနှင့် တင်ဒါစိစစ်ရွေးချယ်ပေးအပ်ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်ဝင်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံ အစိုးရထောက်ပံ့မှုဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဆောင်ရွက်ပေးမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်မည့် ပညာရှင်/လူအင်အားနှင့် ယာဉ်စက်ယန္တရားပြည့်စုံသော ယုံကြည်စိတ်ချရသည့် ကုမ္ပဏီအဖွဲ့အစည်းများအား ပွင့်လင်းမြင်သာစွာဖြင့် စိစစ်ရွေးချယ်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်းနှင့် အိန္ဒိယနိုင်ငံအစိုးရ၏ ကူညီထောက်ပံ့မှုအပေါ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား စိတ်ပါဝင်စားစွာဖြင့် စေတနာထားကာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များမှ ပူးပေါင်းဆောင်ရွက်ကြပါရန်လည်း ဒုတိယဝန်ကြီးက မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းတွင် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံသံရုံး ပထမအတွင်းဝန် Dr.Neil Jain နှင့် Asia Steel Construction Co., Ltd.၊ Bominnbo Construction Co., Ltd.၊ Pacificasia Hi-Tech Construction Co.,Ltd.၊ Yaungnioo Co.,Ltd.၊ Asia Metal Construction Co.,Ltd. တို့မှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(ပေါက်စ)**

စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ ရထားဆွဲပွဲကျင်းပ

စစ်တွေမြို့လုံးကျွတ် ပဉ္စမအကြိမ်မြောက် ရခိုင်ရိုးရာရထားဆွဲပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၅ နာရီခွဲက စစ်တွေမြို့ ကျက်သရေဆောင် ဝက်ပါကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

အဆိုပါပွဲတော်တွင် အခမ်းအနားဖွင့်လှစ်ခြင်း **(အပေါ်ပုံ)**၊ ရခိုင်မင်္ဂလာစည်တော်တီး၍ ရတုသီဆိုခြင်း၊ တာဝန်ရှိသူများက အမှာစကားများပြောကြားခြင်း၊ ရထားဆွဲပွဲကျင်းပခြင်း၊ သံချပ်ပြိုင်ပွဲကျင်းပခြင်းများဖြင့် အစီအစဉ်တကျ ကျင်းပကြရာ ပွဲတော်လာပရိသတ်များဖြင့် သောင်းသောင်းဖြဖြ စည်ကားလျက်ရှိပြီး ရခိုင်ရိုးရာသံချပ်ထိုးသံများဖြင့် ဝက်ပါကွင်းတစ်ခုလုံး ပွဲတင်ထပ်မျှ သောသောညံနေသည်။

ယခုနှစ်ရထားဆွဲပွဲသည် ယခင်နှစ်များကထက် စည်းကမ်းသေဝပ်မှု၊ စည်းလုံးညီညာမှု၊ ယဉ်ကျေးသိမ်မွေ့မှုများရှိလာသည်ကို မြင်တွေ့ရသည်။ ရထားဆွဲပွဲတွင် ရခိုင်တိုင်းရင်းသားများနှင့်အတူ ကမ္ဘာလှည့်ခရီးသည်များလည်း ပျော်ပျော်ပါးပါး လာရောက်အားပေးနေကြကြောင်း တွေ့ရသည်။

အဆိုပါ ရထားဆွဲပွဲတော်ကို ဖေဖော်ဝါရီ ၂၅ ရက်(တပို့တွဲလပြည့်)နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင်ကျင်းပသည့် ရထားဆွဲပွဲသည် ရခိုင်ဘုရင်များလက်ထက်ကပင် ဆင်းသက်လာရာ ယနေ့ထိတိုင်ဖြစ်သည်။ တတိယ ဓညဝတီခေတ် စန္ဒာသူရိယမင်းကြီးလက်ထက် ဘီစီ ၆ ရာစုမှ စတင်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ တွေ့ရှိရသည်။ ရခိုင်လူမျိုးတို့သည် ရထားဆွဲပွဲကို သာမန်ပျော်ပွဲရွှင်ပွဲတစ်ရပ်အဖြစ် ကျင်းပခြင်းမျိုးမဟုတ်ပေ။ နေ၊ လ လမ်းကြောင်း နက္ခတ် ၂၇ လုံး၊ အတွင်းတာရာကြီး ကိုးလုံး၊ အပြင်တာရာကြီး ၂၈ လုံး၊အလွတ်တာရာ ၉၄ လုံးတို့နှင့် ဆက်စပ်နေသည်။ ရှေးရခိုင် နက္ခတ္တဗေဒပညာရှင်တို့က ရခိုင်ဇာတာနှင့် နေ၊ လ၊ နက္ခတ်တာရာတို့၏ လမ်းကြောင်းတို့ကို အချိန်ညှိပြီး ရထားဆွဲပွဲကိုကျင်းပခဲ့ကြကြောင်း စာပေကျမ်းဂန်တို့တွင်ဖော်ပြထားသည်။ ရထားဆွဲပွဲကျင်းပခြင်းကြောင့် ရာသီဥတုမျှတခြင်း၊ လယ်ယာသီးနှံအထွက်တိုးခြင်း၊ အစာရေစာပေါများခြင်း၊ တိုင်းပြည်နိုင်ငံအေးချမ်းသာယာခြင်းများကို ဖြစ်စေသည်ဟု ရှေးခေတ် ရခိုင်လူမျိုးတို့က ယုံကြည်ခဲ့ကြသည်။

ရထားဆွဲပွဲသည် တစ်ဖက်နှင့်တစ်ဖက် သူနိုင်၊ ကိုယ်နိုင်အပြိုင်ဆွဲကြရသောပွဲဖြစ်သည်။ ရထားဆွဲခြင်းဖြင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်မှု၊ စုပေါင်းဆောင်ရွက်တတ်မှု၊ စည်းလုံးညီညာမှု၊ စိတ်ရွှင်လန်းမှု စသော အကျိုးကျေးဇူးများကိုလည်း ရရှိစေသည်။ ဆွဲသောရထားကို တပို့တွဲလပြည့် သန်းခေါင်ယံမတိုင်မီ မီးရှို့ဖျက်ဆီးရကြောင်းလည်း သိရသည်။ အကြောင်းအမျိုးမျိုးကြောင့် ရထားဆွဲခြင်းဓလေ့သည် နှစ်အနည်းငယ်ရပ်တန့်သွားခဲ့ရာ ယခုနှစ်များအတောအတွင်းတွင် ရထားဆွဲခြင်းဓလေ့ပြန်လည်နိုးကြားကာ နှစ်စဉ်ကျင်းပလာခဲ့သည်။ စစ်တွေမြို့တွင် သာမက ကျေးလက်များမှာပါ ယခုအခါ ရထားဆွဲပွဲကို ကျင်းပကာ ယဉ်ကျေးမှုအမွေတစ်ရပ်အဖြစ် ဆက်လက်ထိန်းသိမ်းလာကြောင်း သိရသည်။ **လေးဝတီထွန်းစောခိုင်**

ထိုင်း-မြန်မာ ချစ်ကြည်ရေးနှင့် လေ့လာရေး ယာဉ်တန်းခရီးစဉ် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ

ကျုံးဒိုး ဖေဖော်ဝါရီ ၂၄

ထိုင်း-မြန်မာ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ် မော်တော်ယာဉ်တန်းခရီးစဉ်အား မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ စီစဉ်မှုဖြင့် ထိုင်းနိုင်ငံ မဲဆောက်မြို့မှ မြန်မာနိုင်ငံ မြဝတီမြို့သို့ ဖေဖော်ဝါရီ ၁၈ ရက်မှ စတင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

၄င်းခရီးစဉ်တွင် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ ဆက်သွယ်ဆက်ဆံရေးအရာရှိ လက်ထောက်မန်နေဂျာ ဒေါ်မီမီခိုင် ဦးဆောင်၍ ထိုင်းနိုင်ငံသား ၄၉ ဦးပါသော မော်တော်ယာဉ် ၁၈ စီး ယာဉ်တန်းခရီးစဉ်သည် မြဝတီ၊ ဘားအံ၊ ရန်ကုန်မှ သန်လျင်ထိ လည်ပတ်ရောက်ရှိခဲ့ပြီး အပြန်ခရီးစဉ်တွင် ကျိုက်ထီးရိုးသို့လည်း ဝင်ရောက်ခဲ့သည်။ ထိုမှ မွန်ပြည်နယ်မြို့တော် မော်လမြိုင်သို့ ရောက်ရှိကာ ဖေဖော်ဝါရီ ၂၃ ရက်တွင် မော်လမြိုင်မှ ဘားအံသို့ရောက်ရှိပြီး ထိုမှ ဆက်လက်ထွက်ခွာခဲ့ရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဂျိုင်း(ကော့ကရိတ်)မြစ်ကူး(Pontoon) ဖောတံတားပေါ်တွင် ကားများ ခေတ္တရပ်နား၍ ဂျိုင်း(ကော့ကရိတ်)မြစ်ကူးကြိုးတံတားနှင့် မြန်မာ့သဘာဝအလှ မြစ်ပြင်တွင် တိုက်ခတ်လျက်ရှိသော လေကောင်းလေသန့်များ ရှူရှိုက်အပန်းဖြေရင်း အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ ထိုင်း-မြန်မာ ချစ်ကြည်ရေးခရီးသွား ဧည့်သည်များမှ အဆိုပါ (Pontoon)ဖောတံတားနှင့် ပတ်သက်၍ သိလိုသောမေးမြန်းမှုများအပေါ် ဖောတံတားစီမံကိန်းဥက္ကဋ္ဌ Myanmar Woodpecker (Yangon) Construction Co.,Ltd မှ Managing Director ဦးတင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ရာ ၄င်းတံတားသည် ထိုင်း-မြန်မာ ကုန်စည်ကူးသန်းရေးလမ်းကြောင်းပေါ်တွင် တည်ရှိ၍ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေးနှင့် ကုန်ဈေးနှုန်းသက်သာချောင်ချိရေး အများပြည်သူ အလွယ်တကူ အသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်မှ စီစဉ်ဆောက်လုပ်ခဲ့ပြီး တံတားအရှည် ၆၃၉ပေရှိ အဆိုပါ ဖောတံတားသည် တန်ချိန် ၃၀ ထက် ဝန်တင်ယာဉ်များ အလွယ်တကူ ဖြတ်သန်းလျက်ရှိပြီး အမြင့်ဆုံး တန် ၆၀ ထိ ဝန်တင်ဖြတ်သန်းခံနိုင်မှုဝန်ရှိကြောင်း ထိုင်း(ဂိုက်)စကားပြန်မှ တစ်ဆင့် ရှင်းလင်းပြောပြစေခဲ့သည်။ အဆိုပါ ဖောတံတားမှ ၁၁ နာရီ ၄၅ မိနစ်က ထွက်ခွာသွားပြီး ကော့ကရိတ်-မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်မည်ဖြစ်ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(နိုင်နိုင်ထွန်း)**

ကမ္ဘာလှည့် ကားမောင်းခရီးသည်များရောက်ရှိ

တမူး ဖေဖော်ဝါရီ ၂၄

JOURNEYS NATURE AND CULTURE ခရီးသွားလုပ်ငန်းကုမ္ပဏီအစီအစဉ်ဖြင့် ဂျာမနီနိုင်ငံအခြေစိုက် The Sea Bridge for Motor Home အဖွဲ့မှ အဖွဲ့ဝင် ၅၄ ဦးသည် မော်တော်ယာဉ် ၂၉ စီးဖြင့် အိန္ဒိယနိုင်ငံ မိုးရေးမြို့မှ တမူးမြို့ နယ်စပ်သံတံတားသို့ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ရောက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါအဖွဲ့တွင် ဂျာမနီနိုင်ငံသား ၄၄ ဦး၊ ဆွစ်နိုင်ငံသား လေးဦး၊ ဩစတြေးလျနိုင်ငံသား တစ်ဦး၊ နယ်သာလန်နိုင်ငံသား နှစ်ဦး၊ ဗြိတိန်နိုင်ငံသားနှစ်ဦးနှင့် အီရန်နိုင်ငံသားတစ်ဦး ပေါင်း ၅၄ ဦးတို့သည် မော်တော်ယာဉ် ၂၉ စီးတို့ဖြစ်ပြီး တမူးမြို့မှ ကလေးမြို့သို့ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီ ၅ မိနစ်က ထွက်ခွာသွားကြောင်း သိရှိရသည်။ ခရီးစဉ်များအနေဖြင့် ကလေး၊ မုံရွာ၊ ပုဂံ၊ မန္တလေး၊ အင်းလေး၊ နေပြည်တော်၊ ရန်ကုန်၊ မော်လမြိုင်၊ ဘားအံ၊ မြဝတီမြို့များသို့ သွားရောက်ပြီး မတ် ၁၀ ရက်တွင် မြဝတီ-မဲဆောက် ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ထွက်ခွာမည်ဖြစ်သည်။

မြန်မာ့ခရီးသွားလုပ်ငန်းမှ ခေတ္တအထွေထွေမန်နေဂျာ ဦးရဲမြင့်၊ လက်ထောက်မန်နေဂျာ ဦးစန်းလှိုင်၊ ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးတင်ဝင်း(ခ) အမ်းဗဟာဒူးနှင့် ဧည့်လမ်းညွှန် ဦးသန်းဇော်တို့ ကြိုးကြပ်လိုက်ပါလာကြောင်း သိရှိရသည်။ **(၁၅၈)**

ပြည်တွင်းသတင်း

မြန်မာနှင့်ဂျပန်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော မဲခေါင်ဒေသတွင်း အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဖိုရမ်ခေါင်းစဉ် ဖြင့်ပြုလုပ်သည့် တတိယအကြိမ် မဲခေါင်-ဂျပန် အစည်းအဝေးနှင့် ဂျပန်နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲပိုင်းတွင် International University of Japan (IUJ) President ; Mr. Shinichi Kitaoka နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် IUJ မှ ဆောင်ရွက်ပေးမှုများနှင့် မြန်မာနိုင်ငံမှ ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲမှုများကို အထောက်အကူပြုစေမည့် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Shunichi Suzuki နှင့်တွေ့ဆုံသည်။ ထို့နောက် ညပိုင်းတွင် ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Fumio Kishida နှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးစီးပွားရေးဇုန်များကို တည်ထောင်လျက်ရှိကြောင်း၊ အဆိုပါ အထူးစီးပွားရေးဇုန်များတွင် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း ဆွေးနွေးခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းမှ ဂျပန်လွှတ်တော် အမတ်များက တည်ခင်းသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ယင်းနောက် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၅ နာရီတွင် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန နိုင်ငံဆိုင်ရာဝန်ကြီး Mr. Isshu Sugawara နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်နည်းဥပဒေများကိုပြဋ္ဌာန်းပြီးဖြစ်သဖြင့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထို့နောက် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Taro Aso နှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် Japan-Myanmar Consortium ဖွဲ့စည်းဆောင်ရွက်ရန်ကိစ္စ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားနှင့် ရေရရှိရေးတို့အတွက် ဂျပန်နိုင်ငံမှ အကူအညီများပံ့ပိုးပေးမှု၊ မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးကိစ္စတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းလင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဦးဝင်းအောင်တို့လည်း ပါဝင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၀ရက် နံနက် ၉နာရီတွင် ဂျပန်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် JCCI ၌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ညအပူချိန်များ အနည်းငယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့က၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဖေဖော် ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်... အပူချိန်ခန့်သာရှိခဲ့သည်။ ... ပူတာအိုမြို့၊ မချမ်းဘောမြို့... တို့တွင် ၇ ဒီဂရီစင်တီဂရိတ်... ရာမိုးရေချိန်မှာ ကော့သော... ဖြစ်ပါသည်။

ဘင်္ဂလားပင်လယ်အော်... ပင်လယ်ပြင်နှင့် ဘင်္ဂလားပ... တို့တွင် တိမ်အသင့်အတင့်... ဘင်္ဂလားပင်လယ်အော်တွင်... နေသည်။

မြန်မာ့ပင်လယ်ပြင်... အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်... တစ်ဝန်းလုံးတွင် ညအပူချိန်... သည်။

❊ **ရှေ့ဖုံးမှ**

မေး ။ ကရင်ပြည်နယ်နဲ့မွန်ပြည်နယ်တွေမှာဘယ်နေရာတွေမှာ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်တယ်ဆိုတာလည်း ရှင်းပြပေးပါဦး။

ဖြေ ။ ကရင်ပြည်နယ်မှာ လှိုင်းဘွဲ့၊ ကော့ကရိတ်နဲ့ ဘားအံမြို့ ပတ်ဝန်းကျင်ဒေသတွေမှာ ပြုလုပ်တာဖြစ်ပြီး မွန်ပြည်နယ်မှာဆိုရင် သံဖြူဇရပ်နဲ့ ကျိုက်ထိုမြို့တွေမှာ ပြုလုပ်တာဖြစ်ပါတယ်။ ဒီလိုရွေ့လျား ကျန်းမာရေး ဆောင်ရွက်တဲ့အခါ အခမဲ့ပြုလုပ်ပေးတာပါ။

မေး ။ ဒီလိုအခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အခါ အထောက်အပံ့တွေ ဘယ်လိုကူညီမှုရရှိသလဲဆိုတာ ပြောပြပေးပါဦး။

ဖြေ ။ အခမဲ့ဆေးကုသဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ မြန်မာနိုင်ငံဆရာဝန်အသင်းကို ဂျပန်နိပ္ပွန်ဖောင်ဒေးရှင်းက ကူညီထောက်ပံ့ပေးပါတယ်။ ဒ့ါအပြင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နဲ့ ဩစတြေးလျနိုင်ငံမှ ခွဲစိတ်ဆရာဝန်များအကယ်ဒမီတို့ကလည်း နည်းပညာအကူအညီနဲ့ ပစ္စည်းတွေထောက်ပံ့ပေးပါတယ်။

မေး ။ တစ်နေရာမှ တစ်နေရာရွှေ့ပြောင်းကုသမှုပြုလုပ်ရင် ဘယ်အချက်နဲ့ဆောင်ရွက်တယ်ဆိုတာ ပြောပြပေးပါ။

ဖြေ ။ နေရာဒေသတစ်ခုမှာ ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်လှစ်ပြီး အခမဲ့ကုသမှုပြုလုပ်တဲ့အခါအထွေထွေရောဂါတွေကို စမ်းသပ်ကုသပေးတယ်။ ဆေးရုံမှာကုသရမှာဖြစ်တဲ့သူတွေကို ဆေးရုံကို ပြောင်းရွှေ့ကုသပေးပါတယ်။ ဒ့ါအပြင် ငှက်ဖျားရောဂါနဲ့ တီဘီဖြစ်ပွားမှု ကုသရေးမှာရောဂါဖြစ်ပွားမှုနှုန်း ကျသွားတယ်ဆိုရင် အဲဒီနေရာကနေ အခြားတစ်နေရာကို ရွှေ့ပြောင်းတာဖြစ်ပါတယ်။ ဒီလို ငှက်ဖျားနဲ့ တီဘီရောဂါဖြစ်ပွားမှုနှုန်းကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပူးတွဲပြီးအချက်အလက်မှတ်တမ်းတွေအရ ပြုလုပ်တာဖြစ်ပါတယ်။

မေး ။ ရန်ကုန်မြို့မှာ အရေးပေါ်လူနာတင်ယာဉ်ဝန်ဆောင်မှုပြုလုပ်ပေးနေမှုကိုလည်း သိရှိလိုပါတယ်။

ဖြေ ။ အဲဒီဝန်ဆောင်မှုကတော့ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်က စတင်ပြီး ဆောင်ရွက်နေတာပါ။ မြန်မာနိုင်ငံဆရာဝန်အသင်းက လူနာတင်ယာဉ်နှစ်စီးနဲ့ဧရာဝတီဖောင်ဒေးရှင်းက လှူဒါန်းထားတဲ့ လူနာတင်ယာဉ်သုံးစီးအပါအဝင် စုစုပေါင်းငါးစီးနဲ့ ဆောင်ရွက်နေပါတယ်။ အရေးပေါ်လူနာများအတွက် အခမဲ့ကူညီဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ အရေးပေါ်ထိခိုက်ဒဏ်ရာရရှိတာ၊ နှလုံးရောဂါတိုက်ခိုက်ခံရတာ၊ ရုတ်တရက် အသက်ရှူရပ်သွားတာစတဲ့

ပြည်သူတွေနဲ့ ကျေးလက် ဒေသတွေမှာ ရွေ့လျား ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပြုလုပ်ပေးနေပါတယ်။

ပါမောက္ခ ဒေါက်တာ ဦးကျော်မြင့်နိုင် ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဆရာဝန်အသင်း

အရေးပေါ်ကျန်းမာရေးကိစ္စတွေအတွက် အခမဲ့ဝန်ဆောင်မှုပေးတာဖြစ်ပါတယ်။

မေး ။ ကျေးလက်ဒေသတွေမှာ ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ တိုးချဲ့ပြုလုပ်ဖို့ အစီအစဉ်ရှိမရှိ သိရှိလိုပါတယ်။

ဖြေ ။ အကူအညီအထောက်အပံ့တွေရရှိရင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမှာပါ။ အတတ်နိုင်ဆုံးပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်။ အခုဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ထိခိုက်ဒဏ်ရရှိသူတွေကို ကယ်တင်ကုသရေးအတွက် အဆင့်မြင့်အသက်ကယ်ကျွမ်းကျင်သင်တန်းတွေကို သင်ကြားပေးနေပါတယ်။ သင်တန်းတက်ပြီး ဆရာဝန် ၂၀၀၀ ကျော်နဲ့ သင်တန်းဆရာအဆင့် ၂၀၀၊ ကြီးကြပ်သူ ၂၀ တို့နဲ့ ဆက်လက်ဆောင်ရွက်နေပါတယ်။

မေး ။ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံကိုပြန်လည်အသစ်တည်ဆောက်ဖို့ အစီအစဉ်ကိုလည်း သိရှိလိုပါတယ်။

ဖြေ ။ မြန်မာနိုင်ငံဆရာဝန်အသင်းအဆောက်အအုံကို နိုင်ငံတကာအဆင့်မီ အသစ်တည်ဆောက်ဖို့ အစီအစဉ်ရှိပါတယ်။ ကျောင်းသားတွေရဲ့ သဘောတူညီမှုနဲ့ ပြုလုပ်မှာဖြစ်ပြီး လောလောဆယ်မှာတော့ လုပ်ငန်းကော်မတီဖွဲ့ထားပါတယ်။ ဘယ်အဖွဲ့အစည်းနဲ့ တည်ဆောက်မယ်၊ ဘယ်လိုတည်ဆောက်မယ်ဆိုတာ မဆုံးဖြတ်ရသေးပါဘူး” ဟု ဖြေကြားသွားသည်။

(မြန်မာ့အလင်း)

အရေးပေါ် လူနာတင်ယာဉ်ဝန်ဆောင်မှုအတွက် အခမဲ့ဆောင်ရွက်ပေးနေသောမော်တော်ယာဉ်များအား မြန်မာနိုင်ငံဆရာဝန်အသင်း၌ တွေ့ရစဉ်။

လျှပ်စစ်ဓာတ်အား သုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အားမြင့်တက်ခြင်း(Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း (Use of Defective Tools and Applian)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာတပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရှိစေရေး သတိပေးနှိုးဆော်အပ်ပါသည်။

❊ **ကျောဖုံးမှ**

မြန်မာမိသားစုတွေ နာဆာမှာ တာဝန်ထမ်းဆောင်နေတဲ့ မြန်မာနိုင်ငံသားအကြီးတန်းသိပ္ပံပညာရှင် ဦးပဒေသာတင်တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံကို ပြန်လည်လွှဲပြောင်းနိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ၂၀၁၀ ခုနှစ် ဒီဇင်ဘာမှာ နေပြည်တော်နဲ့ အဆက်အသွယ်ရပြီးကြိုးစားဆောင်ရွက်ခဲ့တာမို့အခုလိုအဆင်ပြေစွာ ပြန်လည်ပို့ဆောင်နိုင်ခြင်းဖြစ်ပါတယ်။ ဒီလိုပြန်လည်ပို့ဆောင်ခွင့်ရလို့ အလွန်ပျော်ရွှင်ကြည်နူးမိပြီး မြန်မာနိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ သမိုင်းဝင် ဗုဒ္ဓဆင်းတုတော်ဖြစ်တာမို့ ဝမ်းသာဂုဏ်ယူမိပါတယ်။

မေး။ ။ အမေရိကန်က ပြန်လည်ပို့ဆောင်ပေးတဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ရဲ့သမိုင်းကြောင်းကို ပြောပြပေးပါဦး။

ဦးသိန်းလွင်။ ။ ဒီရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်က ပုဂံမြို့ကျောက်ဂူဥမင်ဘုရားမှ ၁၁ ရာစုသဲကျောက်ဗုဒ္ဓဆင်းတုတော်ဖြစ်ပါတယ်။ မတ်ရပ်ဓမ္မစက္ကမုဒြာရုပ်ပွားတော်ဖြစ်ပြီး ခိုးယူသွားခဲ့တဲ့ ရုပ်တုကိုယ်ထည်အမြင့်က လက်မ ၂၀ ခန့်ရှိပါတယ်။ အဲဒီကျောက်ဂူဥမင်ဘုရားဟာ ပုဂံ-ညောင်ဦးမြို့ရဲ့အရှေ့ဘက်နှစ်မိုင်ခန့်အကွာ ဧရာဝတီမြစ်ကမ်းအနီးတည်ရှိပြီး အောက်ပိုင်းကသဲကျောက်တုံးများနဲ့ တည်ဆောက်ထားပြီး အပေါ်ပိုင်းက အုတ်များနဲ့တည်ဆောက်ခဲ့တဲ့သုံးထပ်အဆောက်အအုံဖြစ်ပါတယ်။ ကျန်စစ်သားမင်းလက်ထက်က တည်ဆောက်ခဲ့တာဖြစ်ပြီးအတွင်းထဲမှာ မုခ်ကပ်အချိုင့်ပေါင်း ၅၃ ခုရှိခဲ့ပေမယ့် မသမာသူတွေခိုးယူခဲ့တာမို့ အခုဆိုရင် မုခ်ကပ်အချိုင့် ၃၁ ခုမှာသာ အဲဒီလို ဗုဒ္ဓဆင်းတုတော်တွေရှိတော့တာဖြစ်ပါတယ်။

မေး။ ။ ဘယ်အချိန်ကာလလောက်က ဘယ်လိုခိုးယူသွားတယ်ဆိုတာပြောပြပေးပါဦး။

ဦးသိန်းလွင်။ ။ ၁၉၈၉ ခုနှစ်ခန့်က ခိုးယူခြင်းခံခဲ့ရတာဖြစ်ပါတယ်။ ရှေး

ဇေကမ္ဘာမြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ထိုင်းနိုင်ငံသားဗိုလ်စွဲ

သတင်းနှင့်ဓာတ်ပုံ ဖိုးသော်ဇင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် မြန်မာပီဂျီအေနှင့် Asian Tour တို့မှ ပူးပေါင်း၍ ဇေကမ္ဘာကုမ္ပဏီလီမိတက်၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၃ ဇေကမ္ဘာမြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့ဆက်လက်ကျင်းပရာ ထိုင်းနိုင်ငံသား ချာဝါလစ် ပလာဖိုလ်က သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက် လျှော့ရိုက်ကာ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် ချာဝါလစ် ပလာဖိုလ် (ထိုင်း)က သတ်မှတ်ရိုက်ချက် ၁၈ ချက် လျှော့ရိုက်ပြီး ပထမ၊ ပီရီရာ (သီရိလင်္ကာ)ကသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက် လျှော့ရိုက်ပြီး ဒုတိယ၊ အပီဘာရတ် (ထိုင်း)က သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက် လျှော့ရိုက်ပြီး တတိယ ရရှိခဲ့သည်။ ဆုပေးပွဲတွင် ရှေးဦးစွာ အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် Asian Tour မှ Executive Chairman ဦးကြည်လှဟန်တို့က အမှာစကားပြောကြားသည်။ ယင်း

ပြည်တွင်းသတင်း

(၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

အမေရိကန်နိုင်ငံသို့ရောက်ရှိနေသော ဓမ္မစက္ကမုဒြာ ရုပ်တော်မူ ဗုဒ္ဓဆင်းတုတော် လွှဲပြောင်းလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အမေရိကန်နိုင်ငံသို့ ရောက်ရှိနေသော ဓမ္မစက္ကမုဒြာ ရုပ်တော်မူ ဗုဒ္ဓဆင်းတုတော် လွှဲပြောင်းလှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားပြတိုက် (ရန်ကုန်)၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် အမေရိကန်ပြည်ထောင်စု Northern Illinois University (NIU)မှ Associate Professor, Dr. Catherine Raymon နှင့် National Center for Space Exploration Research မှ Dr. Padetha Tin တို့က အမေရိကန်နိုင်ငံသို့ရောက်ရှိနေသော ပုဂံကျောက်ဂူဥမင်မှ ဓမ္မစက္ကမုဒြာ ရုပ်တော်မူဗုဒ္ဓဆင်းတုတော် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် Associate Professor, Dr. Catherine Raymon က ဓမ္မစက္ကမုဒြာ ရုပ်တော်မူဗုဒ္ဓဆင်းတုတော်အား လွှဲပြောင်းပေးအပ်ရာ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ Dr. Padetha Tin က အမေရိကန်နိုင်ငံသို့ ရောက်ရှိနေသော မြန်မာမိသားစုများက ဗုဒ္ဓဆင်းတုတော်အတွက် လှူဒါန်းသော အလှူငွေကျပ် ၁၇၈၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ် ဦးကျော်ဦးက လက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ ဓမ္မစက္ကမုဒြာ ရုပ်တော်မူ ဗုဒ္ဓဆင်းတုတော်သည် ပုဂံမြို့ ကျောက်ဂူဥမင်ဘုရားမှ ၁၁ ရာစုသဲကျောက်ဗုဒ္ဓဆင်းတုတော်ဖြစ်ပြီး ၁၉၈၉ ခုနှစ်တွင် ခြေထောက်ကိုဖြတ်၍ ခိုးယူခြင်းခံရကာ အမေရိကန်သို့ ရောက်ရှိရာ မြန်မာရှေးဟောင်းအမွေအနှစ်ကို မူလပိုင်ရှင် မြန်မာနိုင်ငံမှ ပြန်လည်ထိန်းသိမ်းနိုင်ရေး၊ အမေရိကန်-မြန်မာဆက်ဆံမှုတိုးတက်စေရေးကို ရှေးရှုလျက် အမေရိကန်ပြည်ထောင်စု Northern Illinois University (NIU) မှ Professor Cooler, Associate Professor Dr. Catherine Raymon၊ ပြင်သစ်နိုင်ငံပါရီမြို့ ယူနက်စကိုဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးကျော်စွာမင်းနှင့် အမေရိကန်ရောက် မြန်မာမိသားစုတို့၏ ကြိုးပမ်းဆောင်ရွက်မှု၊ ၁၉၇၀ ခုနှစ် ယူနက်စကို သဘောတူညီမှု ဘောင်အတွင်းမှ သံတမန် နည်းလမ်းအဆင့်ဆင့်တို့ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပင့်ဆောင်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယခုအခါ အများပြည်သူ ဖူးမြော်လေ့လာကြည်ညိုနိုင်စေရန်အတွက် အမျိုးသားပြတိုက် (ရန်ကုန်) ခေတ်အဆက်ဆက် ဗုဒ္ဓဆင်းတုတော်များ ပြခန်းတွင် ခင်းကျင်းပြသထားသည်။ **(သတင်းစဉ်)**

...ချိန်များ အနည်းငယ်တိုးလာနိုင်

...တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ...အပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ...တာအိုမြို့၊ မချမ်းဘောမြို့၊ ဟားခါးမြို့နှင့် လွိုင်လင်မြို့ ...တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ် ...အမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၀၈ လက်မ ...ဖြစ်ပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီ...ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း...တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်...ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်း...နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်...အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ...တစ်ဝန်းလုံးတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်...သည်။

...ဟောင်း ဗုဒ္ဓဆင်းတုတော်ရဲ့ ကိုယ်ထည်အပေါ်ပိုင်းကို ဖြတ်တောက်ပြီး မသမာသူတွေက ထိုင်းနိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံကို သယ်ဆောင်သွားခဲ့ကြပါတယ်။ ၁၉၉၁ ခုနှစ်မှာ နယူးယောက်မြို့ အနုပညာလက်ရာပစ္စည်းတွေ

မြန်မာနိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ သမိုင်းဝင်ဗုဒ္ဓဆင်းတုတော် ဖြစ်တာမို့ ဝမ်းသာဂုဏ်ယူမိပါတယ်။

Dr. Catherine Raymon

လေလံတင်ရောင်းချပွဲ (Sotheby)ကျင်းပချိန်မှာ Illinois University မှ ပါမောက္ခ Cooler နဲ့ ရှေးဟောင်းသုတေသနညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးညွန့်ဟန်တို့က တွေ့ရှိပြီး မြန်မာနိုင်ငံ ပုဂံမြို့ကျောက်ဥမင်မှ ခိုးယူခံခဲ့ရတဲ့ ဗုဒ္ဓဆင်းတုတော်ရဲ့ ကိုယ်ထည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံပိုင်ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းဖြစ်ကြောင်း လေလံတင်ပွဲသို့ အချိန်မီအသိပေးခဲ့လို့ လေလံတင်ရောင်းချမှုစာရင်းမှ ပယ်ဖျက်နိုင်ခဲ့တာဖြစ်ပါတယ်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းတွေကို တန်ဖိုးထားထိန်းသိမ်း လိုစိတ်တွေ မြတ်နိုးထားရှိဖို့ လိုအပ်ပါတယ်။

ဦးသိန်းလွင်
ဒုတိယ
ညွှန်ကြားရေးမှူးချုပ်

မေး။ ။ မြန်မာနိုင်ငံကို တရားဝင်ပြန်လည်သယ်ဆောင်နိုင်ဖို့အတွက် ဘယ်လိုများကြိုးစားခဲ့ရပါသလဲ။

ဦးသိန်းလွင်။ ။ ပါမောက္ခ Cooler က တရားဥပဒေနဲ့အညီ မှန်ကန်စေဖို့နဲ့ ပြန်လည်ပို့ဆောင်နိုင်ဖို့ သုံးနှစ်ကြာ ကြိုးစားခဲ့ပြီး ၁၉၉၅ ခုနှစ်မှာ နယူးယောက်မြို့ တရားရုံးတစ်ရုံးက မြန်မာနိုင်ငံကပိုင်ဆိုင်တဲ့ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းတစ်ခုဖြစ်တာ မှန်ကန်ကြောင်းအတည်ပြုခဲ့ပါတယ်။ ၁၉၇၀ ယူနက်စကို ကွန်ဗင်းရှင်းအရ မြန်မာနိုင်ငံကို ပြန်လည်ပေးပို့ခဲ့တာ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ ပြည်သူတွေ လေ့လာကြည်ညိုနိုင်ဖို့ အမျိုးသားပြတိုက် (ရန်ကုန်) မှာရှိတဲ့ ခေတ်အဆက်ဆက် ဗုဒ္ဓဆင်းတုတော်ပြခန်းမှာ ပြသထားပါတယ်။ မူလဗုဒ္ဓဆင်းတုတော်ရဲ့ ကိုယ်ထည်အောက်ပိုင်းကိုလည်း ပူးတွဲပြထားပါတယ်။ ပြည်သူတွေအနေနဲ့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းတွေကိုတန်ဖိုးထားထိန်းသိမ်းလိုစိတ်တွေ၊မြတ်နိုးစိတ်တွေ ထားရှိဖို့ လိုအပ်ပါတယ်ဟု ပြောကြားသွားသည်။ **(မြန်မာ့အလင်း)**

ပြည်ပရင်းနှီးမြှုပ်နှံသူများ နို့ထွက်ပစ္စည်းထုတ်လုပ်ရန်စိတ်ဝင်စား

မြင့်မောင်စိုး - စုစည်းသည်

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းကို စိတ်ဝင်စားကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့နိုင်ငံမှာ ထိုင်း၊ ကိုရီးယား၊ နယ်သာလန်နှင့် နယူးဇီလန်နိုင်ငံတို့က နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းမှာ လုပ်ကိုင်ဖို့ စိတ်ဝင်စားနေပါတယ်"ဟု ယင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက ပြောသည်။

လောလောဆယ် မြန်မာနိုင်ငံတွင် နို့စားနွားနှင့် ခိုင်းနွား ၁၄ သန်း၊ ကျွဲသုံးသန်းရှိကြောင်း၊ နွား၁၄သန်းအနက် နို့ထုတ်လုပ်နိုင်သော နွားမ ၅၀၀၀၀၀ခန့်ရှိကြောင်း ဒေါက်တာအောင်ကြီးက ဆက်လက်ပြောကြားသည်။

မြန်မာ့ဘဏ်လေးခု အမေရိကန် ပိတ်ဆို့မှုရုပ်သိမ်း

မြန်မာနိုင်ငံ၏ အဓိကဘဏ်ကြီးလေးခုကို အမေရိကန်နိုင်ငံက အရေးယူပိတ်ဆို့ထားခြင်းမှ ရုပ်သိမ်းပေးလိုက်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါဘဏ်လေးခုမှာ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ အာရှအစိမ်းရောင်ဖွံ့ဖြိုးရေးဘဏ်နှင့် ရာဝတီဘဏ်တို့ဖြစ်ကြောင်းသိရသည်။ အမေရိကန်ကုမ္ပဏီများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် အဆိုပါဘဏ်များနှင့် ဘဏ်လုပ်ငန်းများချိတ်ဆက်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

ကန်ဘောက်-မြိုင်ကလေး-လှော်ကားဓာတ်ငွေ့ပိုက်လိုင်း ၇၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီ

ကန်ဘောက်-မြိုင်ကလေး-လှော်ကားဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်မှုသည် ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း စီမံကိန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်မှုသည် ပင်လယ်ကမ်းရိုးတန်းဒေသများကို ဖြတ်သွားရခြင်းနှင့် ဒီရေမြင့်တက်ခြင်းတို့ကြောင့် လုပ်ငန်းနှောင့်နှေးကြန့်ကြာခဲ့ရကြောင်း ၎င်းကပြောကြားသည်။ ယင်းဓာတ်ငွေ့ပိုက်လိုင်းကို ၂၀၀၀ ပြည့်နှစ်မှစပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကတည်ဆောက်ခဲ့သည်။ ဓာတ်ငွေ့ပိုက်လိုင်းများကို ပေ ၄၀၊ အချင်းဝက်လက်မ ၃၀ ရှိ ကိုရီးယားနိုင်ငံလုပ်ပိုက်များဖြင့်တည်ဆောက်လျက်ရှိသည်။ အရှည်မိုင် ၁၈၀ ရှိကြောင်းသိရသည်။

ကွန်တိန်နာယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက် မေတ္တာလှိုင်း လိုင်းကား မီးထလောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁ နာရီ ၅၂ မိနစ်ခန့်က တောင်ဥက္ကလာပမြို့နယ် ၁၅ တိုးချဲ့ရပ်ကွက် သံသုမာလမ်း CNG ဂက်(စ်)ဆိုင်ရှေ့တွင် ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် ၉ခ/. . . ကွန်တိန်နာ (ကုန်ပါ) ယာဉ်သည် သံသုမာလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသည့် မစ်ဆူဘီရှီအမျိုးအစားယာဉ် အမှတ်အ/. . . ကွန်တိန်နာ(ကုန်မပါ) နှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြသည်။

ထိုမှ ဆက်လက်၍ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်သောတောင်းအေ့ အမျိုးအစားလ/. . . မှန်လုံယာဉ်အားထပ်တိုက်မိပြီး ဆက်၍ ဘော်ဒီရုံ၏ ရှေ့တွင်ရပ်ထားသော ပြုပြင်ဆဲယာဉ်အမှတ် ၁င/. . . မေတ္တာလှိုင်း လိုင်းကားမှန်လုံယာဉ်၏အလယ်ဗဟိုကို တိုက်မိခဲ့သည်။ ၉ခ/. . .ကွန်တိန်နာနှင့် တောင်းအေ့ကားနှစ်စီးမှာ တိမ်းမှောက်ပြီး မေတ္တာလှိုင်းကားမှ ဂက်(စ်)အိုးပွင့်၍ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

တာဝန်သိပြည်သူတစ်ဦး၏ ဖုန်းဖြင့် သတင်းပေးပို့မှုရလျှင်ရချင်း တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ရေး ယာဉ်လေးစီးဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၅ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၁၅ ဦးက ငြိမ်းသတ်ခဲ့ကြောင်း သိရှိရသည်။ **ဇင်ကိုကိုထက်**

ပဲခူးတိုးဂိတ်အနီးတွင် ကားမီးလောင်မှုဖြစ်ပွား

ပဲခူး ဖေဖော်ဝါရီ ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေသံလွင်တိုးဂိတ်အနီး မိုင်တိုင်အမှတ် (၃၈/၂) တွင် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၃ နာရီ ၄၅ မိနစ်ခန့်က ကားမီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ တောင်ငူဘက်သို့ ယာဉ်မောင်းသိန်းမြင့် ၃၉ နှစ် (ဘ) ဦးကျော်ထူး တောင်ငူ (၁) ရပ်ကွက် တောင်ငူမြို့နေသူမောင်းနှင်လာသော ၄ခ/. . . BMW HERO (ဖြူဝါကျား) ခြောက်ဘီးယာဉ်သည် ရွှေသံလွင်တိုးဂိတ်အနီး ယာဉ်၏နောက်ခြမ်းတွင် တင်ဆောင်လာသော ကွမ်းခြင်းများက ယာဉ်၏ဒိုင်နမိုကိုဖိထားမိသဖြင့် ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်ရာ ပဲခူးမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ လာရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားပြီး ကာလတန်ဖိုးငွေကျပ် ၁၀ သိန်းခန့် ဆုံးရှုံးသွားသည်။ ယာဉ်မောင်းသိန်းမြင့်အား ပဲခူးမြို့ အမှတ်(၃)ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(သန့်ဇင်)**

...နောက် Hole in One ဆုရရှိသော သိန်းနိုင်စိုးအား ဇေကမ္ဘာကုမ္ပဏီလီမိတက်ဒုတိယဥက္ကဋ္ဌ ဦးတိုးနိုင်မန်း၊ လွယ်ဟိန်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က မြန်မာကစားသမားများထဲတွင် အကောင်းဆုံးဆုရလို့ ကျော်နိုင်ကို ဆုချီးမြှင့်သည်။

ထို့နောက် Asian Tour မှ Executive Chairman ဦးကြည်လှဟန်က တတိယဆုရအပီဘာရတ်ကို ဆုကြေးအမေရိကန်ဒေါ်လာ ၁၈၉၀၀ကိုလည်းကောင်း၊ လွယ်ဟိန်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ဒုတိယဆုရ ပီရီရာ (သီရိလက်ာ)ကို ဆုကြေး အမေရိကန်ဒေါ်လာ ၃၃၀၀၀ ကိုလည်းကောင်း၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးတိုးနိုင်မန်းက ပထမဆုရ ချာဝါလစ်ပလာဖိုလ်ကို ဆုကြေး အမေရိကန်ဒေါ်လာ ၅၄၀၀၀ ကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပထမဆုရ ချာဝါလစ်ပလာဖိုလ်ကို ဇေကမ္ဘာမြန်မာအိုးပင်း ချန်ပီယံဆုကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ရပ် / ကျေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

မန္တလေး ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်တို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက မြင်းခြံခရိုင် တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီက မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ငါးဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း သက်ဆိုင်ရာ မြို့နယ်များအလိုက် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများအား တွေ့ဆုံ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အခြေခံအကျဆုံး ပြည်သူများနှင့် အနီးကပ်ထိတွေ့ ဆက်ဆံနေရသော ပုဂ္ဂိုလ်များဖြစ်သည့်အတွက် လုပ်ငန်း တာဝန်များကို အမှားအယွင်းကင်းစွာ ပြည်သူများ၏လိုအပ်ချက် အခက်အခဲများအား ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးပြီး တစ်ဖက်မှလည်း မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြိုးစားဆောင်ရွက်သွားကြ စေလို ကြောင်း၊ ပြည်သူများက ယုံကြည်စိတ်ချစွာ ရွေးချယ်တာဝန်ပေးခဲ့ခြင်းအပေါ် တန်ဖိုးထားကာ ရပ်ကွက်၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေး စေလိုကြောင်း ဖြင့် ပြောကြားသည်။

တင်မောင်(မန္တလေး)

နိုင်ငံတကာ ပညာရေးပြပွဲ ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် SR World Education တို့ ကြီးမှူး၍ နိုင်ငံတကာမှ ကျောင်းများ ပူးပေါင်းပါဝင်သော နိုင်ငံတကာ ပညာရေးပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂နာရီက မန္တလေး စွမ်းဟိုတယ်၌ ကျင်းပရာ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးမြင့်၊ အိန္ဒိယ ကောင်စစ်ဝန်ချုပ် မစ္စတာ Dr.Madam Mohan Sethi၊ SR World Education MD ဦးနေလင်းဖြိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ နိုင်ငံတကာပညာရေး ပြပွဲတွင် ဂျပန်၊ စင်ကာပူ၊ မလေးရှားနိုင်ငံမှ တက္ကသိုလ်ကောလိပ် ၁၁ ခု ပါဝင်ပြီး ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်ကောလိပ်များ ဝင်ခွင့်ရပြီး တက်ရောက်နိုင်ရန် အတွေ့အကြုံရှိ ပညာရေးအတိုင်ပင်ခံများက ဆွေးနွေးအကြံပေးခြင်း၊ ကျောင်းသား ကျောင်းသူများကိုယ်တိုင် ရွေးချယ်ထားသော နိုင်ငံရှိကျောင်းများသို့ လျှောက်ထားပေးခြင်း၊ စိတ်ဝင်စားသော ဘာသာရပ် Budget၊ အင်္ဂလိပ်စာကျွမ်းကျင်မှုပေါ် မူတည်၍ အကြံဉာဏ်များပေးခြင်း အပြင် လိုအပ်သောဘာသာရပ်များကို အစမှအဆုံး တာဝန်ယူဆောင်ရွက်ပေးခြင်းနှင့် Study Tour ဝန်ဆောင်မှုများပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (ကျော်ထူး)**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ပြည်သူများ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်း

နိုင်ငံတော်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ အိမ်ရာထူထောင်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သည့်သစ်၊ တိုင်၊ မျော၊ ထင်းများ လွယ်ကူအဆင်ပြေစွာ ရရှိနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်အိမ်ရာထူထောင်ရေး၊ ကျေးရွာတိုင်းတွင် သစ်တောစိုက်ခင်းများ ထူထောင်ရေးကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန စစ်ကိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးငွန်ခါး၊ မြို့နယ်ဦးစီးဌာနမှူး ဦးတင်စိုးတို့၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများသည် စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်း၍ ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်အတိုင်း သဘာဝတောများ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့်သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာစေရေးအတွက် အထောက်အကူပြုရန်နှင့် ဒေသခံပြည်သူများ၏ သစ်တောသယံဇာတများ ပြုစုထိန်းသိမ်းကာကွယ်ရေး၊ စနစ်တကျ ထုတ်ယူသုံးစွဲရေး အသိတရားများ တိုးပွားလာပြီး ပိုမိုပူးပေါင်း ဆောင်ရွက်ရန် ရည်ရွယ်လျက် သဘာဝတောများ ပြန်လည်ထိန်းသိမ်းခြင်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းမင်းဝံတောင်တန်းတွင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပေါင်း ၈ က ၁၀၀၀ ကျော်စိုက်ပျိုး၍ ထိန်းသိမ်းကာကွယ်လျက်ရှိသည်။

ရေရရှိရေး အကောင်အထည်ဖော်ရာတွင်လည်း သောက်သုံးရေရှားပါးသော မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာတွင် ရေကန်တစ်ကန်၊ မြောင်မြို့နယ် ငမြောင်တောင်ဒေသတွင် ၁၀ပေ ×၁၀ပေ × ၈ပေ အရွယ်ရှိ ရေစုကန်တစ်ကန် တည်ဆောက်ပေးလျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်များတွင် နှစ်စဉ်စံပြကျေးရွာများ အကောင်အထည်ဖော်ပေးပြီး တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်ယာ ယူကလစ် ၂၀၊ တစ်ရွာတစ်ဧက ဘက်စုံသုံး ထင်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် အပူပိုင်းဒေသများ စိမ်းလန်းစိုပြည်လာစေရေးအတွက် လုပ်ငန်း တာဝန်ကြီး(၄) ရပ် ချမှတ်၍ ကျေးလက် ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း၍ စိုက်ခင်းများ ထူထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ရေး၊ ထင်းအစားအခြားလောင်စာများ တိုးမြှင့်သုံးစွဲရေး၊ ရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့ ကောင်းမှုတော်သစ်တောပျိုးဥယျာဉ်၌ ၂၀၁၃ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန်နှင့် အထူးစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း တစ်သိန်းကျော် ပျိုးထောင်ထားရှိပြီး စစ်ကိုင်းတောင်တန်းနှင့် စစ်ကိုင်းတက္ကသိုလ်အတွင်း စိုက်ပျိုးရန် ယူကလစ်၊ တမာပျိုးပင် ၂၅၀၀၀ ကိုလည်းကောင်း၊ မန်ကျည်းဖြူဆည်အနီးကွက်လပ်ဖြည့် စိုက်ပျိုးရန် ပျိုးပင် ၁၈၀၀၀ ကိုလည်းကောင်း ပျိုးထောင်ထားပြီး စစ်ကိုင်းတောင်ရိုးနှင့် မြောင်မြို့နယ် ဆင်ဂေါင်းတောင် စိမ်းလန်းစိုပြည်ရေးအတွက် ပေါင်စနစ်ဖြင့် အပင်ကြီး ၂၅၀၀ ပျိုးထောင်ထားကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှုဒဏ်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် သဘာဝသစ်တော သယံဇာတများ ရေရှည်တည်တံ့ ဖွံ့ဖြိုးစေရေး အထောက်အကူပြုခြင်း၊ အကျိုးရလဒ်ကောင်းများ ရရှိခံစားစေရန် ကျေးရွာပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်ကြရန် လိုအပ်ကြောင်း တင်ပြလိုက်ပါသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ဆေးရုံစီမံခန့်ခွဲမှုသင်တန်းဖွင့်

မန္တလေး ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့နှင့် မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ကျင်းပသော ဆေးရုံစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက မန္တလေးမြို့သိပ္ပံလမ်းရှိ မြို့တော်ဆေးရုံ၌ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့နာယက ပါမောက္ခ ဒေါက်တာမြဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသစ်လွင်၊ ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းနှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာရဲမိုးမြင့်တို့က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။ ယခုဖွင့်လှစ်သော သင်တန်းသည် အထက်မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဆေးရုံများအတွက် ပထမဦးဆုံးဖွင့်လှစ်ပေးသော သင်တန်းဖြစ်ပြီး အထက်မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပုဂ္ဂလိက ဆေးရုံများမှ ဆေးရုံ၊ ဆေးခန်းပိုင်ရှင်များ၊ ဆေးရုံအုပ်များနှင့် စီမံအုပ်ချုပ်မှု ဆောင်ရွက်နေသူများ ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ဆေးရုံ စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ် ၃၃ ခုကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၆ ရက် အထိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ပိတောက်ခန်းမ၌ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄ဝ)**

ခြင်ဆေးခွေ
သုံးလျှင်
အနီးတွင်
လောင်စာပစ္စည်း
မထားနှင့်





ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု၊ အင်းတန်ကျေးရွာ၊ ကွင်းအမှတ် ၅၈၆၊ ကွင်းအမည် အင်းတန်ကွင်း၊ ဦးပိုင်အမှတ် ၈၃/၁၄၊ မြေခွန်ပြေစာအမည်ပေါက် ဦးတိုး၊ ဒေါ်ရင်မေဖြစ်သည့် မျက်နှာစာအနံပေ ၁၀၀၊ အရှေ့အနောက်အလျားပေ ၁၅၀ ဧရိယာအကျယ်ပမာဏရှိသော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်ခံအိမ်နှင့် အိမ်သုံးလျှပ်စစ်မီတာအပါအဝင် သီးပင်၊ စားပင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ရင်မေ ၁၂/တမန(နိုင်)၀၀၆၇၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရပ်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သူဇာလွင် LL.B, D.B.L
အထက်တန်းရှေ့နေ (စဉ်-၂၅၅၇၇)
အမှတ် ၁၃၊ ဉာဏလမ်း၊ ဧကရာဇ်ရပ်ကွက်၊ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၁၃၈၁၁

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

စဉ့်ကိုင်၌ နွေရာသီ အရန်မီးသတ် သင်တန်းဖွင့်

စဉ့်ကိုင် ဖေဖော်ဝါရီ ၂၄

နွေရာသီမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထူးစီမံချက်အဖြစ် စဉ့်ကိုင်မြို့နယ် ရပ်ကွက်၊ ကျေးရွာများ၌ အရန်မီးသတ်တပ်ဖွဲ့များ အသစ်ပြန်လည်ဖွဲ့စည်းခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စဉ့်ကိုင်မြို့ တရုပ်စုရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့အသစ်ပြန်လည်ဖွဲ့စည်းခြင်းနှင့် သင်တန်းစတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို စဉ့်ကိုင်မြို့ တရုပ်စုရပ်ကွက် လူငယ့်ရိပ်သာဝင်းအတွင်း၌ ဖေဖော်ဝါရီ ၁၉ ရက် ည ၈ နာရီက ကျင်းပသည်။

သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၄ ရက်အထိ နှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကို ညစဉ် ၈ နာရီမှ ၉ နာရီအထိ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များမှ လာရောက်ပို့ချကြမည်ဖြစ်ကြောင်း သိရသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိုက်ထွန်းအောင်က ပြောကြားရာ၌ တရုပ်စုရပ်ကွက်သည် ၁၉၉၂ ခုနှစ်က စိတ်မနှံ့သူတစ်ဦး၏ မီးရှို့မှုကြောင့် မီးအကြီးအကျယ်လောင်ကျွမ်းခဲ့ဖူးကြောင်း၊ ထိုစဉ်က အိမ်ခြေ ၄၅ အိမ်ခန့် ဆုံးရှုံးခဲ့ရပြီး ရပ်ကွက်ထဲမှ မိသားစုပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ ထိုအဖြစ်အပျက်များကို သင်ခန်းစာယူပြီး ရပ်ကွက်ထဲမှ လူငယ်လူရွယ်များဖြင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ကို ယခုလို ဖွဲ့စည်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသားများကို သင်တန်းဆင်းမည့်နေ့၌ မီးသတ်သင်တန်းဆင်းလက်မှတ်နှင့် မီးသတ်ဝတ်စုံများ တစ်ပါတည်းထုတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(၁၆၀)

ကမ္ဘာလှည့်ခရီးသည် စစ်ကိုင်းသို့ အဝင်များလာ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး၏မြို့တော် စစ်ကိုင်းမြို့သည် ရှေးဟောင်းသမိုင်းဝင် ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးပေါများကာ လေ့လာမှတ်သားစရာ အများအပြားရှိသည့် မြို့ဖြစ်သည်။ ယခုနှစ်တွင် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသားများသည် အဖွဲ့လိုက်ကားများဖြင့် လာရောက်သည့်အပြင် မော်တော်ဆိုင်ကယ်၊ စက်ဘီးများဖြင့် လည်းအလာများကြောင်း သိရှိရသည်။ စစ်ကိုင်းမြို့ခံတစ်ဦးက ပြောကြားရာတွင် အချက်အချာကျသည့် နေရာများတွင် ဧည့်လမ်းညွှန် ဆိုင်းဘုတ်များကပ်ထားသင့်သည့်အပြင် လမ်းဆုံ၊ လမ်းခွ၊ ကျောင်းအနီး ပတ်ဝန်းကျင်များတွင်လည်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန် သက်ဆိုင်ရာမှ သတိပေးဆိုင်းဘုတ်များ အမြန်ဆုံးဆောင်ရွက်ပေးသင့်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

(၀၄၀)

ရှင်ပင်ရွှေစောလူးဘုရားရွှေထီးတော်တင်လှူရေးညှိနှိုင်း

မြင်းမူ ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ရှင်ပင်ရွှေစောလူး ဘုရားကြီးလုံးတော်ပြည့်ရွှေစင်ရွှေသင်္ကန်း ကပ်လှူခြင်း၊ စိန်ဖူးတော်၊ ရွှေထီးတော် (အသစ်)များ အထွတ်တင်လှူပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ရှင်ပင်ရွှေစောလူးဘုရားကြီး သိမ်တိုက်မဏ္ဍပ်ရုံအတွင်း၌ မြင်းမူမြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်နှင့် ဆပ်ကော်မတီဝင် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ရင်နှင့် ဂေါပကအဖွဲ့ဝင်များ အစည်းအဝေးကျင်းပခဲ့သည်။

ညှိနှိုင်းအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ဂေါပကဥက္ကဋ္ဌ ဦးဉာဏ်ရင်၊ ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသောင်းမြင့်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်က စိန်ဖူးတော်၊ ရွှေထီးတော် အထွတ်တင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။ တက်ရောက်လာကြသည့် ဆပ်ကော်မတီ ဌာနဆိုင်ရာများနှင့် ဂေါပကအဖွဲ့ဝင်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပြီး နံနက် ၁၁ နာရီတွင် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။ အစည်းအဝေးအပြီးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ထီးတော်တင်လှူမည့် နေရာနှင့်စေတီတော်ကြီးအား လက်ယာရစ်လှည့်ပတ် ပူဇော်မည့်နေရာကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ဂေါပကအဖွဲ့ဝင်များအား မှာကြားခဲ့သည်။ မတ် ၁ ရက် နံနက် ၈ နာရီတွင် ဝတ်စုံပြည့်ဖြင့် စိန်ဖူးတော်၊ ထီးတော်တင်လှူခြင်း အစမ်းလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

(၀၇၉)

စိတ်ကြွရူးသွပ်ဆေးပြား သယ်ယူလာသူများ သတင်းအရဖမ်းဆီး

စစ်ကိုင်း ဖေဖော်ဝါရီ ၂၄

စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုကားလမ်းပေါ်ရှိ စစ်ကိုင်းတက္ကသိုလ်ဈေးတန်း၌ ဖေဖော်ဝါရီ ၁၈ ရက်က စိတ်ကြွမူးယစ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုံရွာ(မူးယစ်)စစ်ကိုင်းခရိုင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အထူးမှုခင်းနှိမ်နင်းရေး အမှတ်(၁)ရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များနှင့် သက်သေ စစ်ကိုင်းမြို့ ပိုးတန်းရပ်အုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ စစ်ကိုင်းတက္ကသိုလ်ရှေ့ဈေးတန်းမုံရွာ၊ မန္တလေး ကားလမ်းပေါ် ပဲကတိုးရွာအနီးတွင် စောင့်ဆိုင်းနေစဉ် လျှမ်းထက်လက်ဖက်ရည်ဆိုင်သို့ ဝင်ရောက်လာသူ အောင်ကိုလတ်(ခ) အိပါးအား တွေ့ရှိဖမ်းဆီးရမိပြီး ၄င်းထံမှ မူးယစ်ဆေးဝါးရောင်းချရာတွင် ဆက်သွယ်အသုံးပြုသည့် လိုင်စင်မဲ့ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်းတစ်လုံးအား သက်သေများရှေ့တွင် သိမ်းဆည်းလိုက်သည်။ အောင်ကိုလတ် (ခ) အိပါးကို ရှာဖွေရာ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း မုံရွာဘက်မှ လာမည့် ဇော်မျိုးလွင်ဆို သူထံ၌ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ယူလာမည်ဖြစ်ကြောင်း ပြောပြချက်အရ ပူးပေါင်း အဖွဲ့သည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဇော်မျိုးလွင်အား တက္ကသိုလ် ရှေ့ဈေးတန်းရှိ အသုတ်ဆိုင်တွင် ထိုင်နေစဉ် အောင်ကိုလတ်(ခ) အိပါး၏ ညွှန်ပြချက်အရ ဖမ်းဆီးရမိပြီး ၄င်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းမှ ဇော်မျိုးလွင် အမည်ပါ နိုင်ငံသားကတ်ထည့်ထားသည့် OKEY တံဆိပ်ပါ သားရေခေါက်အိတ်တစ်လုံးနှင့်အတူ ပလတ်စတစ်အနက်ဖြင့် ရစ်ပတ်လျက် အဖြူရောင်ကော်ဘူးဖြင့် ထည့်ထားသည့် 88 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၊ အလေးချိန် ၁၂ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံး တွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းလိုက်ပြီး စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ထားရှိသူ ဇော်မျိုးလွင် ၃၉ နှစ် စော်ဘွား (၁)ရပ်ကွက် တမူးမြို့နေသူနှင့် အောင်ကိုလတ်(ခ) အိပါး ၃၄ နှစ် မြို့ပတ်လမ်း အမှတ် (၃)ရပ်ကွက် ကလေးမြို့နေ သူတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မအရ အရေးယူစစ်ဆေးလျက် ရှိသည်။

(၁၃၇)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ၂၈ – ၂ – ၂၀၁၃ မှ ၇ – ၃ – ၂၀၁၃ အထိ

✻ ကျောဖုံးမှ

အားပေးမှုကြောင့် ကယားပြည်နယ်အသင်းမှာ ပထမပိုင်း ၁၅ မိနစ်အတွင်းမှာပင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်အထိ အားတက်ပြီး နေပြည်တော်အသင်းဘက်သို့ အပြန်အလှန် ထိုးဖောက်ကစားနိုင်ခဲ့သည်။ နေပြည်တော်အသင်းမှာ တန်ပြန်တိုက်စစ်ကိုသာ အားပြုကစားခဲ့ရပြီး ထိရောက်သော ထိုးဖောက်မှုများ မပြုလုပ်နိုင်ခဲ့ပေ။ မိနစ် ၃၀ ခန့်ဝန်းကျင်တွင် နေပြည်တော်အသင်းထောင့်ကန်ဘော သုံးကြိမ်ဆက်တိုက်ရပြီး တတိယအကြိမ်မြောက် ထောင့်ကန်ဘောကို ကယားနောက်တန်းလူများရှင်းထုတ်ရာမှ အန်ထွက်လာသည်ကို ထိန်လင်းက စည်းအပြင်ဘက်မှ အပြင်းကန်သွင်းပြီး ချေပဂိုးသွင်းယူခဲ့ရာ တစ်ဂိုးစီသရေ ဖြစ်သွားသည်။ နေပြည်တော်အသင်းသည် ရန်ကျော်ထွေးအစား အောင်အောင်ကိုလဲပြီးနောက် ကစားကွက်ပိုစေ့လာပြီး ကယားပြည်နယ်အသင်းဘက်ကို ပိုမိုထိုးဖောက်ကစားခဲ့ပြီး ၃၅ မိနစ်တွင် အောင်အောင်ခေါင်းတိုက်သွင်းသည်ကို ဂိုးသမားပုတ်ထုတ်ကာကွယ်ရာမှ အန်ထွက်လာသည်ကို ရဲနောင်က ပိတ်သွင်းသဖြင့် နေပြည်တော်အသင်း အနိုင်ဂိုးရသွားပြီး ပထမပိုင်း ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်း ပြန်စသည့်အခါ ကယားပြည်နယ်အသင်းချေပဂိုး ပြန်လည်ရရှိရေးအတွက် ပိုမိုအားထည့်ကစားခဲ့သလို ကယားပရိသတ်များကလည်း ပိုမိုအော်ဟစ်အားပေးလာခဲ့သည်။ သို့ရာတွင် ကယားအသင်း အခွင့်အရေးအချို့အသုံးမချနိုင်ခဲ့သဖြင့် ချေပဂိုးနှင့်ဝေးခဲ့ရသည်။ နေပြည်တော်အသင်းမှာ အနိုင်ဂိုးကို ထိန်းကစားသွားသဖြင့် ပွဲအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာအုပ်စုကို ဦးဆောင်လျက်ရှိသည်။

ဆက်လက်ကစားမည့်ပွဲစဉ်များ

၂၅-၂-၂၀၁၃	မွန်နှင့် ရှမ်း	၁၅း၃၀	ပေါင်းလောင်းကွင်း
၂၅-၂-၂၀၁၃	ကချင်နှင့် ချင်း	၁၅း၃၀	ဝဏ္ဏသိဒ္ဓိကွင်း
၂၆-၂-၂၀၁၃	ဧရာဝတီနှင့် တနင်္သာရီ	၀၇း၀၀	လယ်ဝေးကွင်း
၂၆-၂-၂၀၁၃	ရန်ကုန်နှင့် ပဲခူး	၀၇း၀၀	ပေါင်းလောင်းကွင်း
၂၆-၂-၂၀၁၃	မန္တလေးနှင့် စစ်ကိုင်း	၀၇း၀၀	ဝဏ္ဏသိဒ္ဓိကွင်း
၂၆-၂-၂၀၁၃	ကချင်နှင့် ရှမ်း	၁၅း၃၀	ပေါင်းလောင်းကွင်း
၂၆-၂-၂၀၁၃	ချင်းနှင့် မွန်	၁၅း၃၀	လယ်ဝေးကွင်း
၂၆-၂-၂၀၁၃	ကရင်နှင့် ကယား	၁၅း၃၀	ဝဏ္ဏသိဒ္ဓိကွင်း
၂၇-၂-၂၀၁၃	ရခိုင်နှင့် နေပြည်တော်	၀၇း၀၀	ပေါင်းလောင်းကွင်း

အားကစားနည်းအလိုက် ပြိုင်ပွဲကျင်းပမည့် နေ့ရက်နှင့်နေရာများ

စဉ်	အားကစားနည်း	ပြိုင်ပွဲကာလ		ကျင်းပမည့်နေရာ	မှတ်ချက်
		မှ	ထိ		
	ဖွင့်ပွဲအခမ်းအနား	၂၈-၂-၂၀၁၃	-	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်	
၁	ပြေးခုန်ပစ်	၃-၃-၂၀၁၃	၇-၃-၂၀၁၃	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်	
၂	ကြက်တောင်	၂၃-၂-၂၀၁၃	၂၇-၂-၂၀၁၃	TC-1 ကြက်တောင်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၃	ဘတ်စကက်ဘော	၁-၃-၂၀၁၃	၆-၃-၂၀၁၃	TC-1 ဘတ်စကက်ဘောလေ့ကျင့်ရေးကွင်း၊ ဇမ္ဗူသီရိမြို့နယ်	
၄	ဘိလိယက်/စနူကာ	၂၃-၂-၂၀၁၃	၂-၃-၂၀၁၃	TC-2 ဘိလိယက်လေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၅	ကာယကြံ့ခိုင်မှု	၁၂-၂-၂၀၁၃	-	MCC (ရန်ကုန်)၊ သင်္ဃန်းကျွန်းမြို့နယ်	
၆	လက်ဝှေ့	၂၄-၂-၂၀၁၃	၁-၃-၂၀၁၃	TC-1 လက်ဝှေ့လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၇	စစ်တုရင်	၂၆-၂-၂၀၁၃	၂-၃-၂၀၁၃	Gold Camp (စားရိပ်သာ)၊ ဇမ္ဗူသီရိမြို့နယ်	
	စက်ဘီး (Cross Country)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	Mount Pleasant စက်ဘီးကွင်း (ဥတ္တရသီရိမြို့နယ်)	
	စက်ဘီး (Down Hill)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	Mount Pleasant စက်ဘီးကွင်း (ဥတ္တရသီရိမြို့နယ်)	
၈	စက်ဘီး (BMX)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	Mount Pleasant စက်ဘီးကွင်း (ဥတ္တရသီရိမြို့နယ်)	
	စက်ဘီး (Road Race)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	TC-1 စက်ဘီးလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ် (တာထွက်)ပင်လောင်းလမ်းတောင်ကျကျေးရွာနှင့် လိန်းလီတံတား (ပန်းဝင်)	
၉	ဘောလုံး(ကျား/မ)	၂၃-၂-၂၀၁၃	၇-၃-၂၀၁၃	ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ ဇမ္ဗူသီရိမြို့နယ် ပေါင်းလောင်းကွင်း၊ ပျဉ်းမနားမြို့နယ် လေ့ကျင့်ရေးကွင်း (၁) (၂)ဇမ္ဗူသီရိမြို့နယ်	
၁၀	ဖူဆယ် (ကျား/မ)	၂၃-၂-၂၀၁၃	၆-၃-၂၀၁၃	TC-1 ဖူဆယ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၁	ဂျူဒို	၂၅-၂-၂၀၁၃	၂၇-၂-၂၀၁၃	TC-2 ဂျူဒိုလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၁၂	ကရာတေးဒို	၄-၃-၂၀၁၃	၆-၃-၂၀၁၃	TC-2 ကရာတေးဒိုလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၁၃	ပိုက်ကျော်ခြင်း	၂၅-၂-၂၀၁၃	၅-၃-၂၀၁၃	TC-1 ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၄	စားပွဲတင်တင်းနစ်	၂၃-၂-၂၀၁၃	၂၇-၂-၂၀၁၃	TC-1 စားပွဲတင်တင်းနစ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၅	တိုက်ကွမ်ဒို	၁-၃-၂၀၁၃	၃-၃-၂၀၁၃	TC-1 တိုက်ကွမ်ဒိုလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၆	တင်းနစ်	၂၃-၂-၂၀၁၃	၂၈-၂-၂၀၁၃	TC-1 တင်းနစ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၇	ပန်ကြပ်ဆီလတ်	၂-၃-၂၀၁၃	၆-၃-၂၀၁၃	TC-2 သိုင်းလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၁၈	ရိုးရာလက်ဝှေ့(မွေ့)	၃-၃-၂၀၁၃	၅-၃-၂၀၁၃	TC-1 လက်ဝှေ့လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၉	ဘော်လီဘော	၂၇-၂-၂၀၁၃	၇-၃-၂၀၁၃	TC-1 ဘော်လီဘောလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၂၀	အလေးမ	၁-၃-၂၀၁၃	၃-၃-၂၀၁၃	ပေါင်းလောင်းအားကစားရုံ၊ ပျဉ်းမနားမြို့နယ်	
၂၁	ဝူရှူး	၁-၃-၂၀၁၃	၃-၃-၂၀၁၃	TC-2 ဝူရှူးလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၂၂	နပန်း	၄-၃-၂၀၁၃	၇-၃-၂၀၁၃	ပေါင်းလောင်းအားကစားရုံ(ပျဉ်းမနား)	
	ပိတ်ပွဲအခမ်းအနား	၇-၃-၂၀၁၃	-	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်	

ပြည်ထောင်စုဖလား ကြက်တောင်နှင့်စားပွဲတင်တင်းနစ် အားကစားပြိုင်ပွဲများ ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းမှ စတင်၍ သက်ဆိုင်ရာနည်းအလိုက် သတ်မှတ်ထားသည့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ ပေါင်းလောင်းအားကစားကွင်း၊ လေ့ကျင့်ရေးကွင်း-၁ (ဝဏ္ဏသိဒ္ဓိ) လေ့ကျင့်ရေးကွင်း-၂ (လယ်ဝေး)တို့၌ ဆက်လက်ကျင်းပသည်။

လေ့ကျင့်ရေးကွင်း(၁) ကြက်တောင်ရုံ၌ ကြက်တောင်အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် သံလွင်အောင် (ရန်ကုန်)၊ အောင်ထွန်းဦး(ရှမ်း)၊ သက်ခိုင်(ရခိုင်)၊ မျိုးထက်အောင် (မန္တလေး)၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် သက်ထားသူဇာ (ရန်ကုန်)၊ ခင်ဂုဏ်ရည်လင်း (ရခိုင်)၊ ခိုင်ဇာလင်း (မန္တလေး)၊ လဲ့လဲ့ရည်(ရန်ကုန်)၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် အေးမင်းထွန်းနှင့် လင်းထက်ကြူ (ရန်ကုန်)၊ ခင်ဇော်နှင့် ပိုင်သဇော်(ဧရာဝတီ)၊ မျိုးထက်အောင်နှင့် မိုးဟိန်း(မန္တလေး)၊ ချိုလင်းကိုကိုနှင့် ဘုန်းပြည့်နိုင် (ရခိုင်)၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ဖူးပွင့်ဇံနှင့် သက်ထားသူဇာ(ရန်ကုန်)၊ အေးစုဝင်းနှင့် လွင်လွင်မော်(ချင်း)၊ ခင်ဂုဏ်ရည်လင်းနှင့် အိအိချော (ရခိုင်)၊ ထူးထူးရနှင့်လင်းလင်းထွေး(ချင်း)၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် သံလွင်အောင်နှင့် ဖူးပွင့်ဇံ(ရန်ကုန်)၊ မိုးဟိန်းနှင့် ခိုင်ဇာလင်း(မန္တလေး)၊ အောင်မျိုးသန့်နှင့် လင်းလင်းထွေး (မန္တလေး)၊ အေးမင်းထွန်းနှင့် လဲ့လဲ့ရည်(ရန်ကုန်)တို့က ပြိုင်ဘက်များကို အနိုင်ယူပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

စားပွဲတင်တင်းနစ် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲကို အုပ်စုပတ်လည်ပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ အုပ်စုပတ်လည်ပြိုင်ပွဲနှင့် အကြိုဗိုလ်လုပွဲ ပွဲစဉ်(၂၈)ပွဲကို လေ့ကျင့်ရေးကွင်း-၁ စားပွဲတင်တင်းနစ်ရုံ၌ လည်းကောင်း၊ တင်းနစ်အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲ ပွဲစဉ် (၁၂)ပွဲကို လေ့ကျင့်ရေးကွင်း(၁) တင်းနစ်ကွင်း၌ လည်းကောင်း ကျင်းပခဲ့သည်။

(သတင်းစဉ်)

အမျိုးသားတင်းနစ်ပြိုင်ပွဲ(နှစ်ယောက်တွဲ)တွင် ကယားပြည်နယ်အသင်း ပါဝင်ယှဉ်ပြိုင်စဉ်။

✻ ကျောဖုံးမှ

တရုတ်နိုင်ငံမှ ယင်းကဏ္ဍတွင် ခေတ္တ အဆက်ပြတ်သွားချိန်တွင် အမေရိကန်နှင့် ဥရောပတို့၏ ထုတ်လုပ်မှုဈေးကွက်သည် မယုံနိုင်လောက်အောင်ပင် တိုးတက်လာခဲ့ကြောင်း ကမ္ဘာလုံးဆိုင်ရာဈေးကွက်တွင် အာရှကဦးဆောင်နေဆဲဖြစ်ပြီး မြောက်အမေရိကက ဒုတိယနေရာ လိုက်ကာ ဥရောပကလည်း နောက်ကျမကျန်နေရစ်ကြောင်း ကမ္ဘာ့လေစွမ်းအင်ကောင်စီမှ ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရ ၄င်းကောင်စီ၏ အထွေထွေအတွင်းရေးမှူးက ပြောကြားခဲ့သည်။

တစ်နိုင်ငံချင်းအနေဖြင့် တရုတ်နိုင်ငံသည် ကမ္ဘာ့အဆင့် တစ်နေရာတွင်ရှိပြီး လေစွမ်းအင်ထုတ်လုပ်နိုင်မှု ၇၇ ဂစ်ဂါဝပ်၊ အမေရိကန်နိုင်ငံသည် ကမ္ဘာ့အဆင့် နှစ်နေရာမှ ၆၀ ဂစ်ဂါဝပ်၊ ဥရောပနိုင်ငံများတွင် ဂျာမနီက ၃၁ ဂစ်ဂါဝပ်၊ စပိန်က ၂၃ ဂစ်ဂါဝပ်နှင့် ယူနိုက်တက်ကင်းဒမ်းကမူ ထုတ်လုပ်မှုပမာဏ ၈ ဒသမ ၅ ဂစ်ဂါဝပ်ဖြင့် ကမ္ဘာ့အဆင့်ခြောက်နေရာတွင် ရှိနေသည်။

ယူနိုက်တက်ကင်းဒမ်းသည်ကမ္ဘာပေါ်တွင် ကမ်းလွန်ဒေသ အသုံးချနိုင်မှုအများဆုံးဖြစ်ပြီး ၂၀၁၂ ခုနှစ်အတွင်း လေစွမ်းအင် ၀ ဒသမ ၈၅ မဂ္ဂါဝပ် ထုတ်ပေးနိုင်မည့် စီမံကိန်းတစ်ခု တည်ဆောက်လျက်ရှိနေခဲ့ရာ လေစွမ်းအင်ထုတ်လုပ်မှု စုစုပေါင်း ၃ ဂစ်ဂါဝပ် နီးပါးရှိခဲ့သည်။ ယခုကဲ့သို့ အောင်မြင်မှုများ တိုးတက်လာခဲ့ခြင်းအတွက် ကျေနပ်ဝမ်းမြောက်မိပါကြောင်း၊ အနာဂတ်တွင် ကာဗွန်လျှော့ချနိုင်သော စွမ်းအင်ရရှိဖို့အတွက်ဆိုလျှင် လေစွမ်းအင်သည် အဓိကနေရာမှ ရှိနေကြောင်း၊ ယခုလက်ရှိတွင် မြောက်ပင်လယ်ပြင်၌ ခြောက်မဂ္ဂါဝပ် ထုတ်ပေးနိုင်မည်ဖြစ်သော ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းတစ်ခုကိုလည်း တည်ဆောက်ကာ စွမ်းအင်ထုတ်လုပ်လျက်ရှိပါကြောင်း ယူနိုက်တက်ကင်းဒမ်းမှ စွမ်းအင်နှင့် ရာသီဥတုပြောင်းလဲမှု မှတ်တမ်းပြုစုရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။ အာဖရိကတွင်မူ လေစွမ်းအင်ထုတ်လုပ်သုံးစွဲနိုင်မှု အလွန်နည်းနေဆဲဖြစ်သည်။ သို့သော် အီသီယိုးပီးယားနိုင်ငံရှိ ၅၂ မဂ္ဂါဝပ်ထုတ် လေစွမ်းအင် စီမံကိန်းတစ်ခုမှာမူ အာဖရိကတိုက်၏ ပထမဆုံးစီးပွားဖြစ် လေစွမ်းအင်ထုတ်လုပ်ရေး ဖြစ်လာခဲ့သည်။ အာဖရိကတောင်ပိုင်းတွင်လည်း ၀ ဒသမ ၅ ဂစ်ဂါဝပ်ထက် မနည်းထုတ်ပေးနိုင်မည့် စီမံကိန်းတစ်ခု စတင်ထားပြီးဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ် တပို့တွဲလပြည့်နေ့ (ဥပုသ်နေ့)
၂၅-၂-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ နံနက်ခင်းသတင်း

ညပိုင်း

၄း၀၀ ရုပ်မြင်သံကြားအဖွင့်တေး
၄း၄၅ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
၆း၀၀ ညနေခင်းသတင်း
၆း၂၀ SEA Games လှုံ့ဆော်ရေးဇာတ်လမ်းတို
ရွှေရောင်မျိုးဆက်
ဇာနည်၊ ဇော်လင်းထွန်း၊ အိစိကွေး၊ သဥ္ဇာမြင့်မိုရ် (ဒါရိုက်တာ-မျိုးထူး)
၇း၀၀ ပြည်တွင်းသတင်း
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- ရယ်စရာတစ်ကွက်စာ (Mr.Bean ကာတွန်းအစီအစဉ်)
- စွမ်းအားဖြစ်တည်မြန်မာပြည် (SEMs) [(ACE) Workshop]
-သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ တပို့တွဲလပြည့် သီတဂူသြဝါဒပါတိမောက်အခါတော်နေ့တရားတော်
၁၀း၀၀ ပြည်တွင်းသတင်း
- အိန္ဒိယရုပ်ရှင်
စစ်မှန်တဲ့ချစ်ခြင်း
(ဇာတ်သိမ်း)

မီးအားမြင့်စက်အပူလွန်ရာမှ မီးလောင်မှု မော်လမြိုင်တွင်ဖြစ်ပွား

မော်လမြိုင် ဖေဖော်ဝါရီ ၂၄

ဖေဖော်ဝါရီ ၂၃ ရက် ည ၁၁ နာရီ မိနစ် ၄၀တွင် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ဖက်တန်းလမ်းဆိုင်အမှတ် D-25 ဝင်းကမ္ဘာပလတ်စတစ်ဆိုင်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ဖက်တန်းလမ်း ဆိုင်အမှတ် D-25 ဝင်းကမ္ဘာပလတ်စတစ်ဆိုင်တွင် မီးအားမြှင့်စက် အသုံးပြုရာမှ အပူချိန်လွန်ကဲပြီး မီးစတင်လောင်ကျွမ်းခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် လေးခန်းတွဲ ဆိုင်ခန်းတစ်ခန်း မီးလောင်ခဲ့ပြီး ပလတ်စတစ်ဆိုင်နှစ်ဆိုင်နှင့် ရေနံစိမ်းအရောင်းဆိုင်နှစ်ဆိုင် မီးလောင်ခဲ့ရာ ကာလတန်ဖိုး ငွေကျပ် ၃၆ သိန်း ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၇ စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုနှင့် စပ်လျဉ်း၍ ဝင်းကမ္ဘာ ပလတ်စတစ်ဆိုင်ပိုင်ရှင် ဦးမျိုးခင်ဇော်အား မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကျော်သန်း)

AFC Cup ပြိုင်ပွဲဝင်မည့် မြန်မာကလပ်အသင်းများ၏ အလားအလာ

AFC Cup ပြိုင်ပွဲဝင်မည့် ရန်ကုန်ယူနိုက်တက်။

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အာရှဘောလုံးအဖွဲ့ချုပ် (AFC) မှာ ဒေသတွင်း နိုင်ငံများမှ ကလပ်အသင်းများအတွက် ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပြီး မြန်မာကလပ်အသင်းများမှာ ဒုတိယအဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် AFC Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိထားသည်။ ယခု 2013 AFC Cup ပြိုင်ပွဲကို ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းမှာ 2012 MNL အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့်အသင်းဖြစ်ပြီး ဧရာဝတီအသင်းမှာမူ MFF Cup ရှုံးထွက်ပြိုင်ပွဲ၏ ချန်ပီယံအသင်းဖြစ်သည်။ ယင်းနှစ်သင်းစလုံးမှာ 2012 AFC Cup ပြိုင်ပွဲကိုလည်း ယှဉ်ပြိုင်ခဲ့ဖူးပြီး နှစ်နှစ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရရှိခြင်း ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ် (AFC) သည် AFC Cup ပြိုင်ပွဲကို ၂၀၀၄ခုနှစ်မှစ၍ ကျင်းပပြုလုပ်ခဲ့ပြီး ပြိုင်ပွဲကို အရှေ့အာရှအသင်းများသာ စိုးမိုးထားခဲ့သည်။ အအောင်မြင်ဆုံးအသင်းမှာ အယ်လ်ဖာဆာလေ(ဂျော်ဒန်)နှင့် အယ်လ်ကူဝိတ်(ကူဝိတ်)တို့ဖြစ်ပြီး နှစ်ကြိမ်စီဗိုလ်စွဲထားသည်။ လက်ရှိချန်ပီယံအသင်းမှာ ကူဝိတ်ကလပ် အယ်လ်ကူဝိတ်အသင်းဖြစ်သည်။

ရန်ကုန်အသင်း၏အလားအလာ

ရန်ကုန်အသင်းမှာ အုပ်စု(F) တွင် ဟောင်ကောင်ကလပ်ဆန်ဟိုင်းအသင်း၊ အင်ဒိုနီးရှားကလပ် ပါဆီဘိုအသင်း၊ မော်လ်ဒိုက်ကလပ်နယူးရေးဒီးယန့်အသင်းတို့နှင့်အတူ ပါဝင်နေသည်။ ရန်ကုန်အသင်း၏ လက်ရှိစုဖွဲ့မှုကတော့ အကောင်းဆုံးအနေအထားတွင်ရှိနေပြီး ခေါ်ယူထားသည့် နိုင်ငံခြားသား ကစားသမားများကလည်း ခြေစွမ်းပြနေသည်။ ယမန်နှစ်ပြိုင်ပွဲ၌ ရန်ကုန်အသင်းကျရှုံးခဲ့ရာတွင် နိုင်ငံခြားသားကစားသမားများ၏ ခြေစွမ်းမပြနိုင်မှုက အဓိကကျခဲ့သည်။ အုပ်စုအနေအထားအရလည်း ရန်ကုန်အသင်းအနေဖြင့် နောက်တစ်ဆင့်တက်ရန် အကောင်းဆုံးအခွင့်အရေးရှိနေသည်။

ရန်ကုန်အသင်းနှင့်ပွဲဦးထွက်ယှဉ်ပြိုင်ရမည့် အင်ဒိုနီးရှားကလပ် ပါဆီဘိုအသင်းမှာ အင်ဒိုနီးရှား ပရီမီယာလိဂ်ပြိုင်ပွဲတွင် အဆင့်(၄)ရခဲ့သည့်အသင်းဖြစ်ပြီး ရှုံးထွက်ပြိုင်ပွဲ ဗိုလ်စွဲခဲ့သောကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ဘရာဇီးကစားသမားနှစ်ဦး၊ အာဂျင်တီးနားနှင့် တာ့ခ်မင်နစ္စတန် ကစားသမားတစ်ဦးစီ ပါဝင်ကစားနေပြီး နည်းပြအဖြစ် ဘရာဇီးလူမျိုး ပေါ်လိုက ကိုင်တွယ်လျက်ရှိသည်။ မော်လ်ဒိုက်ကလပ် နယူးရေးဒီးယန့်အသင်းမှာမူ ပြည်တွင်းအမှတ်ပေးလိဂ်၏ လက်ရှိချန်ပီယံဖြစ်ပြီး အမှတ်ပေးချန်ပီယံ နှစ်ကြိမ်နှင့် ရှုံးထွက်ချန်ပီယံ ၁၀ ကြိမ်ရရှိထားသည်။ AFC Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ဖူးသည့် အတွေ့အကြုံကောင်းများရှိပြီး ၂၀၀၅ AFC Cup ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အထိ တက်လှမ်းခဲ့ဖူးကြောင်း သိရသည်။ နိုင်ငံခြားသားအဖြစ် နိုင်ဂျီးရီးယားနှစ်ဦး၊ ဘူဂေးလ်ရီးယားနှင့် အီဂျစ်ကစားသမားတစ်ဦးစီ ပါဝင်ကစားလျက်ရှိသည်။ ဆန်ဟိုင်းအသင်းမှာမူ ဟောင်ကောင် FA Cup ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ဘရာဇီး၊ စပိန်၊ ကင်မရွန်းနှင့် ဂူနီယာကစားသမားတစ်ဦးစီ ပါဝင်ကစားနေပြီး ဟောင်ကောင်အမှတ်ပေးချန်ပီယံဆုကို သုံးကြိမ်အထိ ရရှိထားဖူးကြောင်း သိရသည်။

ဧရာဝတီအသင်း၏အလားအလာ

ဧရာဝတီအသင်း၏ လက်ရှိခြေစွမ်းပိုင်းနှင့် အုပ်စုအနေအထားအရ နောက်တစ်ဆင့်တက်နိုင်ရန် ရုန်းကန်ရမည့်အနေအထားဖြစ်သည်။ ဧရာဝတီအသင်းသည် မလေးရှားကလပ် ကီလန်တန်အသင်း၊ ဗီယက်နမ်ကလပ် ဒါနန်းအသင်း၊ မော်လ်ဒိုက်ကလပ် မာဇီယာအသင်းတို့နှင့် အုပ်စု (U) တွင် ပါဝင်လျက်ရှိသည်။ အမာခံဂိုးသမားသီဟစည်သူ မရှိတော့သည့်နောက်ပိုင်းတွင် ဧရာဝတီအသင်း အားပျော့သွားခဲ့သလို ယခုရာသီ၏ ခြေစွမ်းကလည်း အားရစရာမရှိသေးပေ။ MNL အမှတ်ပေးပြိုင်ပွဲတွင် နိုင်ပွဲတစ်ပွဲသာရှိသေးသည်။ ဧရာဝတီအသင်းနှင့် တွေ့မည့်အသင်းများက တောင့်တင်းသည့် အသင်းများဖြစ်သည်။

ကီလန်တန်အသင်းမှာ မလေးရှားစူပါလိဂ်၏ လက်ရှိချန်ပီယံအသင်းဖြစ်ပြီး မလေးရှားလက်ရွေးစင်ငါးဦးအထိ ပါဝင်ကစားလျက်ရှိသည်။ နည်းပြအဖြစ် ခရိုအေးရှားလူမျိုးဘိုဂျန်က ကိုင်တွယ်နေပြီး နိုင်ဂျီးရီးယား၊ ခရိုအေးရှား၊ ဩစတြေးလျကစားသမားများ ပါဝင်ကစားလျက်ရှိသည်။ မလေးရှား စူပါလိဂ်ချန်ပီယံဆုကို ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ခုနှစ်တို့တွင် နှစ်ကြိမ်ဆက်တိုက် ရရှိထားသည့် အသင်းဖြစ်သည်။ ဧရာဝတီအသင်းနှင့် ကီလန်တန်အသင်းတို့သည် ၂၀၁၂ ပြိုင်ပွဲကလည်း တွေ့ဆုံခဲ့ဖူးပြီး ပထမအကျော့သုဝဏ္ဏကွင်းတွင် ဧရာဝတီက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဒုတိယအကျော့တွင် ကီလန်တန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ ဗီယက်နမ်ကလပ်ဒါနန်းအသင်းတွင်လည်း ဗီယက်နမ်လက်ရွေးစင်ကစားသမားအချို့ ပါဝင်ကစားနေပြီး ၂၀၁၀ AFC Cup ပြိုင်ပွဲတွင် ကွာတားအဆင့်အထိ ရောက်ရှိခဲ့သည့် အသင်းဖြစ်သည်။ ဗွီလိဂ်ချန်ပီယံဆုကို သုံးကြိမ်ဆွတ်ခူးရရှိဖူးပြီး လက်ရှိချန်ပီယံအသင်းလည်း ဖြစ်သည်။ မော်လ်ဒိုက်ကလပ် မာဇီယာအသင်းမှာလည်း ပြည်တွင်းလိဂ်တွင် ထိပ်သီးအသင်းဖြစ်ပြီး အာရှအတွေ့အကြုံရှိသည့် အသင်းတစ်သင်းဖြစ်သည်။

သတင်းနှင့် ဓာတ်ပုံ
ညီမြတ်သော်တာ

ရန်ကုန်အသင်းပွဲစဉ်များ

၂၆-၂-၂၀၁၃	ရန်ကုန်	ပါဆီဘို	သုဝဏ္ဏကွင်း
၁၂-၃-၂၀၁၃	ဆန်ဟိုင်း	ရန်ကုန်	ဟောင်ကောင်
၃-၄-၂၀၁၃	ရန်ကုန်	နယူးရေးဒီးယန့်	သုဝဏ္ဏကွင်း
၉-၄-၂၀၁၃	နယူးရေးဒီးယန့်	ရန်ကုန်	မော်လ်ဒိုက်
၂၄-၄-၂၀၁၃	ပါဆီဘို	ရန်ကုန်	အင်ဒိုနီးရှား
၁-၅-၂၀၁၃	ရန်ကုန်	ဆန်ဟိုင်း	သုဝဏ္ဏကွင်း

ဧရာဝတီအသင်းပွဲစဉ်များ

၂၇-၂-၂၀၁၃	ဒါနန်း	ဧရာဝတီ	ဗီယက်နမ်
၁၃-၃-၂၀၁၃	ဧရာဝတီ	ကီလန်တန်	သုဝဏ္ဏကွင်း
၂-၄-၂၀၁၃	မာဇီယာ	ဧရာဝတီ	မော်လ်ဒိုက်
၁၀-၄-၂၀၁၃	ဧရာဝတီ	မာဇီယာ	သုဝဏ္ဏကွင်း
၂၃-၄-၂၀၁၃	ဧရာဝတီ	ဒါနန်း	သုဝဏ္ဏကွင်း
၃၀-၄-၂၀၁၃	ကီလန်တန်	ဧရာဝတီ	မလေးရှား

ဒုတိယဝန်ကြီး ဦးသောင်းထိုက် အားကစားသမားများ၏လေ့ကျင့်နေမှု ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီခွဲက နေပြည်တော်လယ်ဝေးရှိ Training Center(2)သို့ သွားရောက်၍ သေနတ်ပစ်အားကစားသမားများ၏ လေရိုင်ဖယ်နှင့် လေပစ္စတိုလေ့ကျင့်နေမှု၊ ဝူရှူးထောက်လု အားကစားသမားများ၏ လေ့ကျင့်နေမှု၊ အလေးမ အားကစားသမားများ၏ လေ့ကျင့်နေမှု၊ ကွင်းပြင်ပ၌ ဖျတ်လတ်မှုနှင့် သက်လုံလေ့ကျင့်ခန်းများ လေ့ကျင့်လျက်ရှိသော ပန်ကြပ်ဆီလတ်အားကစားသမားများ၏ တိုးတက်မှုအခြေအနေများ၊ သံပြားပစ်၊ နပန်း၊ ကမ်ပို၊ဂျူဒို၊ ကရာတေးဒိုနှင့် ဘိလိယက်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

အလင်းရောင်

ဘုရားဖူးခရီးသွားလာရေး
Mar-11/12/16/19/22/23/24/25

သွေးသည် အသက်

သာဓုအနုမောဒနာခေါ် ဆိုနိုင်

ကွယ်လွန်သူ ဦးဝင်းဖေ-ဒေါ်ခင်ညိုညိုတို့အားရည်စူး၍ ဦးဝင်းမောင်-ဒေါ်ဝင့်၊ ဒေါ်ပွင့်၊ ဦးကျော်သူရသက်-ဒေါ်မွန်၊ ဦးမောင်မောင်-ဒေါ်ထိုက်ဇာခြည်ကျော်မိသားစုတို့မှ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် အလှူတော်ငွေကျပ် သိန်း ၁၀၀ အား ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။ အဆိုပါ လှူဒါန်းမှုအား ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် အသိပေးအပ်ပါသည်။

ဦးဝင်းမောင်-ဒေါ်ဝင့်၊ ဒေါ်ပွင့်၊ ဦးကျော်သူရသက်-ဒေါ်မွန်၊ ဦးမောင်မောင်-ဒေါ်ထိုက်ဇာခြည်ကျော်မိသားစု

(၃၄)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်

(Rosie Aye Maung) (၂၅-၂-၂၀၁၃)

ဦးဇင်ကြီး - ဒေါ်တင်တင်
ညီမ - Daily Aye Mg (Protection Officer - Singapore)
သမီးကြီး -
ACCA(UK)-M.Sc (Finance) (National University of Dubalin),
Finance Manager
Aramex International Logistics Pte Ltd-Singapore
သမီးငယ် -
M.Sc(Engg:) (NUS) - Geotechnical Engineer
Amberg Geotechnical Consultant Co. (Switzerland)
Singapore
သားငယ် - Final Year, B.D.S
(University of Dental Medicine, Yangon)
သမီး -

နိုင်ငံတကာအားကစားသတင်း

မက်ဆီနဲ့ စီရိုနယ်ဒိုတို့ အားပြိုင်ကြမယ့် ကိုပါဒယ်ရေးဖလား အကြိုဗိုလ်လုပွဲ

စပိန်မြေမှာတော့ ကိုပါဒယ်ရေးဖလား အကြိုဗိုလ်လုပွဲ ဒုတိယကျော့ ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၆ ရက်နဲ့ ၂၇ ရက်တွေမှာ ဆက်လက်ဆင်နွှဲမှာ ဖြစ်ပါတယ်။ ထိပ်တန်းအသင်းကြီးတွေ မျှော်လင့်ချက်ကိုယ်စီထားပြီး ရယူဖို့ကြိုးစားနေတဲ့ ကိုပါဒယ်ရေးဖလားအကြိုဗိုလ်လုပွဲမှာတော့ လာလီဂါရဲ့ ကျားနဲ့ဆင်တွေဖြစ်ကြတဲ့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ ဒုတိယအကျော့ ထိပ်တိုက်တွေ့ဆုံမှုဟာ ပရိသတ်တွေအတွက်တော့ ရင်ခုန်စရာကောင်းနေပါတယ်။

ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်

ပထမအကျော့ ရီးရဲမက်ဒရစ်ကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ ဒီပွဲဟာ ပြတ်သားတဲ့ရလဒ်ကို အပြိုင်ဖော်ထုတ်ကြမယ့်ပွဲပါပဲ။

နှစ်သင်းစလုံးလူစုံထုတ်ပြီး ရင်ဆိုင်ကြမယ့်ပွဲဖြစ်တာမို့ ကြီးနှစ်ကြီးရဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာတော့ အသည်းအက်မတတ်ပြိုင်ဆိုင်ကြမှာ ဖြစ်ပါတယ်။ ထိပ်တိုက်တွေ့ဆုံမှုတွေတိုင်း ဘာစီလိုနာတို့က အမြဲအသာစီးရလေ့ရှိတဲ့ အစဉ်အလာကို မက်ဆီတို့အုပ်စု ဆက်ထိန်းနိုင်မလား၊ စီရိုနယ်ဒိုတို့အဖွဲ့ကပဲ သမိုင်းမှတ်တမ်းကို ပြောင်းပြန်လှန်ပစ်နိုင်မလား ဆိုတာကတော့ အဖြေထုတ်ကြပါတော့မယ်။ ဒီနှစ်သင်းရဲ့ တွေ့ဆုံမှုမှာ ရီးရဲမက်ဒရစ်ကွင်းမှာ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သလို ဘာစီလိုနာကွင်းမှာ နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့တာကြောင့်လည်း ပရိသတ်တွေအတွက် ဒီပွဲက စိတ်လှုပ်ရှားစရာ ကောင်းအောင် ဆွဲဆောင်နေပြန်ပါတယ်။ ဒါ့အပြင် နှစ်သင်းစလုံးရဲ့ နောက်ဆုံး သုံးပွဲကစားခဲ့တဲ့မှတ်တမ်းတွေကို ကြည့်ရင် ဘာစီလိုနာတို့က နှစ်ပွဲနိုင် တစ်ပွဲသရေရလဒ်တွေ ရယူထားနိုင်သလို ရီးရဲမက်ဒရစ်တို့ကလည်း နှစ်ပွဲနိုင်၊ တစ်ပွဲသရေဆိုတဲ့ ရလဒ်ကို စွမ်းဆောင်ထားနိုင်ပြန်ပါတယ်။

မျှော်လင့်ချက်အပိုင်းမှာ ဖလားရယူရေးအတွက် ရီးရဲမက်ဒရစ်တို့က အနိုင်ရလိုစိတ်တွေ ဆူဝေမှု ပိုပြင်းထန်တာတော့ အမှန်ပါပဲ။ လာလီဂါဖလားအတွက် မျှော်လင့်ချက် ဆိတ်သုဉ်းနေတဲ့ နည်းပြမော်ရင်ဟိုအတွက် ကိုပါဒယ်ရေးဖလားက အိပ်မက်တစ်ခုဖြစ်နေပါတယ်။ ဒါပေမယ့် ရီးရဲမက်ဒရစ်ရဲ့ အိပ်မက်တွေကို ချေဖျက်ပစ်လေ့ရှိတဲ့ ဘာစီလိုနာတို့ကတော့ အင်အားအပြည့်နဲ့ အိမ်ကွင်းမှာ ဧည့်ခံဖို့ စောင့်ကြိုနေပြီ ဖြစ်ပါတယ်။ ပြိုင်ဘက်တိုင်း ရှိန်နေအောင် ခြေစွမ်းပြနေတဲ့ ဘာစီလိုနာဟာ ဒီပွဲမှာ ရီးရဲမက်ဒရစ်အဖွဲ့သားတွေ ကိုယ်ခံအား ဘယ်လောက်ကောင်းမလဲဆိုတာ စမ်းသပ်တော့မှာ ဖြစ်ပါတယ်။ ကိုပါဒယ်ရေးဖလား နောက်ဆုံး ဗိုလ်လုပွဲတက်ရောက်ဖို့ အဆုံးအဖြတ်ပွဲစဉ် ဖြစ်တာမို့ ရီးရဲမက်ဒရစ် ပရိသတ်တွေကို နှလုံးသားမှာ နာကျင်မှုဝေဒနာတွေပေးပြီး အိမ်ပြန်လွှတ်မလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ဆီဗီလာနှင့်အက်သလက်တီကို

ပယ်နယ်တီဂိုးတွေ စည်ဝေခဲ့တဲ့ ပထမအကျော့ပွဲစဉ်မှာ အက်သလက်တီကိုတို့က နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ယူထားခဲ့ပါတယ်။ ဆီဗီလာကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ရလဒ်ပိုင်းကို ကြည့်ရင် တစ်ဂိုးစီသရေပွဲ ဖြစ်ထားတာမို့ အိမ်ရှင်တို့ ဗိုလ်လုပွဲတက်ဖို့အတွက် ဒီပွဲကို အသည်းကြွေမတတ် ခြေကုန်ထုတ်ရပါတော့မယ်။ ဆီဗီလာတို့ရဲ့ နောက်ဆုံးသုံးပွဲရလဒ်က နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြစ်ပြီး အက်သလက်တီကိုတို့ရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကလည်း နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြစ်နေတာမို့ ဒီပွဲမှာ အကြိတ်အနယ်နွှဲရမယ့် အနေအထားပါပဲ။ နှစ်သင်းစလုံး အားထည့်မှု၊ အားထုတ်မှု၊ အနိုင်ရလိုစိတ်ပြင်းထန်မှုတွေ တူညီနေတာမို့ ရလဒ်က ညီမျှ သွားနိုင်သလို အနိုင်ဆိုရင်လည်း အိမ်ရှင်ဘက်ကို ချိန်ခွင်လျှာသာမယ့် အနေအထားတော့ ရှိပါတယ်။

မိုးမြင့်လင်းလက်-ရေးသည်

ချက်တင်းနစ်မယ် ဒူဘိုင်းဖလားဆွတ်ခူး

ကောင်းမြတ်သူ-စုစည်းသည်

ချက်တင်းနစ်မယ် ပီထရာဗစ်တိုးဗားသည် ဒူဘိုင်း၌ ကျင်းပသော ဒူဘိုင်းချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲတွင် အီတလီမှ ဆာရာအာရန်နီအား အနိုင်ရပြီး ခြောက်လအတွင်း ပထမဆုံး ဒဗလျူတီအေဖလား ဆွတ်ခူးသွားသည်။ အသက် ၂၂ နှစ်ရှိ ဗစ်တိုးဗားက အီတလီတင်းနစ်မယ်အား တစ်နာရီနှင့် မိနစ် ၄၀ ကစားပြီး ၆-၁၊ ၁-၆၊ ၆-၁ ဖြင့်နိုင်ကာ ချန်ပီယံဆုဖလားဆွတ်ခူးသွားသည်။

ဘာစီလိုနာ အရှုံးမှအနိုင်ပြန်ယူ

စပိန် လာလီဂါပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာက ဆီဗီလာကိုနှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ပထမပိုင်းပွဲချိန် ၄၂ မိနစ်တွင် အယ်လ်ဘာတို ဘိုတိုင်းယားက ဆီဗီလာအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ပွဲပြီးရန် ရှစ်မိနစ်အလိုတွင် ဒေးဗစ်ဗီလာနှင့် မက်ဆီတို့က တစ်ဂိုးစီသွင်းခဲ့၍ နှစ်ဂိုး-တစ်ဂိုးဖြင့် ဘာစီလိုနာတို့ အနိုင်ရခဲ့သည်။ ယင်းပွဲအပြီး ဘာစီလိုနာက ဒုတိယနေရာမှ အက်သလက်တီကိုထက် ၁၅ မှတ် အသာရထားသည်။

အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ ဂေါက်ကွင်းတိုးချဲ့ကွက်သစ် (အောင်စေတနာရပ်ကွက်)၊ အကွက်အမှတ် ၁၀ရှိ မြေချိန်ဇရိယာ ၀ဒသမ၀၈၂ဧကရှိ ပေ(၆၀×၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာအိမ်တစ်လုံး၊ လျှပ်စစ်မီတာတစ်လုံးနှင့် ရေသွယ်ငုတ်တို့ကို ကျွန်မ ဒေါ်မြင့်မြင့်စိန် ၁၂/လမန(နိုင်)၀၇၇၉၆၉က လွှဲခဲ့သော ၇-၂-၂၀၁၃ရက်က တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါမြေကွက်နှင့် မြေပေါ်ရှိပစ္စည်းများကို ကျွန်မ မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ပါရန်နှင့် ပြုလုပ်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်စိန်
၁၂/လမန(နိုင်)၀၇၇၉၆၉
၅၀/၅၄၉(က)၊ ဈေးတန်းလမ်း၊
ရပ်ကွက်(၉)၊ နယ်မြေ(၈)၊ လားရှိုးမြို့

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏ၊ (၁၀)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၂၃၃)နေ
ဦးဝင်းကြိုင်(Group Managing Director, IGE Co.,Ltd.)-ဒေါ်ခင်မာအေးတို့၏ တစ်ဦးတည်းသောသား

မောင်ဝင်းဇော်အေး

Deputy General Manager(UNOG Pte.Ltd)
Master in Science. Technopreneurship & Innovation
(NTU Singapore and Stamford U.S.A)
Bachelor of Arts(Honors) in Marketing(University of Portsmouth)
Bachelor of Arts(Honors) in Business Management(Dagon University)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်(၃)၊ ပန်းချယ်ရီလမ်း၊ အမှတ်(၁၄၈)နေ
ဗိုလ်မှူးချုပ်သန့်ဆွေ(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်ခင်ခင်လှတို့၏သမီးကြီး

မဝင်းဝင်းဆွေ

Bachelor of Business Management(Entrepreneurship) (RMIT University, Australia)
Diploma in Management Studies (SIM University, Singapore)
Bachelor of Arts(English), Y.U.F.L

တို့သည် ၂၃-၂-၂၀၁၃ရက်တွင် Traders Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာနာယကအဖြစ် စုလျားရစ်ပတ်နှင့် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ဇနီးဒေါ်စိုးဝတ်ရည်၊ စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာဧည့်ခံပွဲကြီးသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ချီးမြှင့်ပေးပါသော တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီ၊ တပ်မတော်အကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၏ဇနီး ဒေါ်ဖြူဖြူညွန့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၏ဇနီးများ၊ စစ်ဘက်နယ်ဘက် ဌာနဆိုင်ရာအကြီးအကဲများ၊ ၁၅-၂-၂၀၁၃ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော လက်မှတ်ရေးထိုးပွဲတွင် ကြီးမှူးဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် ဇနီး ဒေါ်နန်းနှင်းဆီအားလည်းကောင်း၊ ၁၆-၂-၂၀၁၃ရက်တွင် ကမ္ဘာအေး ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဆွမ်းကပ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ချီးမြှင့်ပေးပါသော တပ်မတော်အကြီးအကဲများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် အကြီးအကဲများ၊ ရပ်ဝေးရပ်နီးမှ အပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများအား အောင်မြင်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော IGE မှ ပုဂ္ဂိုလ်များနှင့် နှစ်ဖက်သော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေး သီဆိုချီးမြှင့်ပေးပါသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာရတုပိုဒ်စုံ ရေးသားပေးပါသော တေးသံရှင်လှမြင့်ဝင်း၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေချီးမြှင့်ပေးပါသော စန္ဒရားဦးသိန်းမြင့်သန်းနှင့်အဖွဲ့၊ မင်္ဂလာစည်တော်ဖြင့် ယွန်းပေးပါသော စေတနာသမ္ဘာရဝတ်အသင်း၊ မင်္ဂလာပန်းကြဲဖြန့်ပေးပါသော မနွယ်နီဆွေ၊ ဒေါက်တာအိငြိမ်းဖြူဖွေး၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မောင်လင်းမာန်အောင်နှင့် မချမ်းအိမ်စည်၊ မောင်ဘုန်းခန့်ကိုကိုနှင့် မသြမြတ်ဟေသီဗိုလ်၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးပါသော မမင်းနေရည်၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မခိုင်နွယ်ဆွေ၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော မောင်မင်းနေပြည်၊ မောင်အောင်ဖြိုးမင်း၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာပန်းငြိမ်းဟန်၊ ဒေါက်တာရတနာစုအောင်ကျော်၊ မိတ်ကပ်ဆံပင် အလှပြုပြင်ပေးပါသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ လက်ဝတ်ရတနာများအား ဆင်မြန်းပေးပါသော စိန်နန်းတော် စိန်ရွှေရတနာဆိုင်၊ မင်္ဂလာပန်းအလှဆင်မြန်းပေးပါသော လင်းလင်းအဖွဲ့၊ မီးအလှပြင်ဆင်ပေးပါသော မီးငယ်နှင့်အဖွဲ့၊ ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးပေးပါသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာနန်းဆောင်ဖြင့် အလှဆင်မြန်းပေးပါသော မြန်မာမှု ဦးညွန့်အောင်နှင့်အဖွဲ့၊ ခန်းမအခမ်းအနားအပြင်အဆင်နှင့် ဧည့်ခံကျွေးမွေး အစစပြင်ဆင် ပံ့ပိုးပေးပါသော Traders Hotel မှ မသဲစုနှင့် ဝန်ထမ်းများ၊ စားသောက်ဖွယ်ရာများကို အထူးစီမံပြုလုပ်ပေးပါသော Traders Hotel မှ စားဖိုမှူးကြီး Ting Thai Yii နှင့် တာဝန်ရှိဝန်ထမ်းများ၊ ရေခဲမုန့် Special ပြုလုပ်ပေးပါသော Sharky၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော ဒဂုံဖိတ်စာတိုက်၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော Signature Weddings & Events Planning အားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်အောင် ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းဇော်အေးနှင့်မဝင်းဝင်းဆွေ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဖြူးမြို့ အနောက်ဘက်တောင်ပေါ်ရှိ မြသိန်းတန်စေတီ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ဖြူး ဖေဖော်ဝါရီ ၂၄

လွန်ခဲ့သော နှစ်ပေါင်းလေးရာကျော်ကတည်းကတည်ထားကိုးကွယ်ခဲ့သည့် ဖြူးမြို့အနောက်ဘက် လေးမိုင်အကွာရှိ တောင်ပေါ်သမိုင်းဝင် မြသိန်းတန် စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဗုဒ္ဓပူဇနီယပွဲတော်ကို မြို့နယ်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဘုရားဂေါပကအဖွဲ့ကကြီးမှူး၍ဖေဖော်ဝါရီ ၂၅ ရက်(တပို့တွဲလပြည့်နေ့) နံနက်ပိုင်းမှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ **(ယာပုံ)**

သမိုင်းဝင်တောင်ပေါ်မြသိန်းတန် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂၅ ရက် တပို့တွဲလပြည့်နေ့ နံနက် အရုဏ်မတက်မီတွင် ပင့်သံဃာအပါး ၂၀ နှင့် ဘုရားအနေကဇာတင်ခြင်း၊ နံနက် ၁၀ နာရီခွဲတွင်ပင့်သံဃာအပါး(၂၀)နှင့် ရပ်ဝေးရပ်နီးမှဘုရားဖူးကြွလာကြသည့် သံဃာတော်အပါး ၈၀ တို့ကို နေ့ဆွမ်းဆက်ကပ်ခြင်း၊ မွန်းတည့် ၁၂ နာရီတွင် လှူဒါန်းမှု အစုစုတို့အား ရေစက်ချ အမျှအတန်းပေးဝေခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။ **(၁၁၃)**

ဖျာပုံမြို့ ရွှေနတ်ကုဘုရားကြီး၌ နှမ်းမနဲပွဲတော်ကျင်းပမည်

ဖျာပုံ ဖေဖော်ဝါရီ ၂၄

ဖျာပုံမြို့ ဇေကန်ကျော်ကြားရွှေနတ်ကုဘုရားကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သောနှမ်းမနဲပွဲတော်ကိုဖေဖော်ဝါရီ ၂၅ ရက် (တပို့တွဲလပြည့်နေ့) တွင် ကျင်းပမည်ဟု သိရသည်။

အဆိုပါ ပွဲတော်ကို ရွှေနတ်ကုဘုရားကြီး၏ ဂေါပကအဖွဲ့နှင့်အလှူရှင်များစုပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး နှမ်းမနဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ထိုးပြီး ၂၅ ရက် (တပို့လပြည့်နေ့) အရုဏ်တက်ချိန်၌ မြို့ပေါ်ရှိ သံဃာတော်အပါး ၁၀၀၀ ကျော်ကို လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

တည်ထောင်

ဖျာပုံမြို့ မန်းကျည်းတန်းရပ်ဟုခေါ်တွင်သော ယခု အမှတ်(၄)ရပ်ကွက်ရှိ သီရိမင်္ဂလာကံဦးကျောင်းတိုက်ကို ဦးစွာ တည်ထောင်တော်မူခဲ့သော မဟာနာယက ဘဒ္ဒန္တနရိန္ဒမထေရ်မြတ်ကြီးသည် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ၏ ကူညီပူဇော်သွန်းလုပ်မှုဖြင့် အောင်မြင်တော်မူခဲ့သောကြောင့်ဇေကန်ကျော်ကြားရွှေနတ်ကုဘုရားဟု ဘွဲ့တော်သလျက် မြန်မာသက္ကရာဇ် ၁၂၂၂ခုနှစ်(အေဒီ-၁၈၆၀)တွင်စတင်ပေါ်ထွန်းလာခဲ့ရာ ယခုအခါ နှစ်ပေါင်း၁၀၀ကျော်ပြီဖြစ်ကြောင်းသိရသည်။ **သူဇာနွယ်(ဖျာပုံ)**

စာပေရေချမ်းစင်ဖွင့်လှစ်

နမ္မတူ ဖေဖော်ဝါရီ ၂၄

ပြည်သူလူထု အသိပညာဗဟုသုတရရှိစေရေးအတွက် ပြည်သူဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုဖြစ်သည့် စာပေရေချမ်းစင်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နမ္မတူမြို့ မြို့မဈေးတံခါးပေါက်ကြီးအနီးနှင့် ကားဂိတ်များတည်ရှိရာ၌ဖွင့်လှစ်ထားရှိပြီး ပြည်သူများစိတ်ဝင်တစားလာရောက်ကြည့်ရှုလေ့လာဖတ်ရှုသည်ကို တွေ့ရကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ဒလမြို့နယ်၌ ရပ်ကွက်နေပြည်သူများအား ဆေးဝါးကုသပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ဒလမြို့နယ် ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီးဦးဆောင်၍ အဖွဲ့ကြီးအနောက်ရပ်ကွက်ရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအပြင် ဆေးဝါးများကုသပေးပြီး ဆေးလိပ်မသောက်ရေး ပညာပေးဟောပြောမှုကို ဖေဖော်ဝါရီ ၁၇ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဆန်းသူရအောင်သိန်း အပါအဝင်သူနာပြုနှင့်ဝန်ထမ်းများသည် ရပ်ကွက်နေပြည်သူ ၁၃၂ ဦးအား ကျန်းမာရေးဆေးစစ်ပေးခြင်း၊ ဆေးဝါးများကုသပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(၁၅၅)**

မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောမှုများ စဉ်ဆက်မပြတ်ကျင်းပ

သီပေါ ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမူးယစ်(အထူး) တပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို အရှိန်အဟုန် မပျက်ဆောင်ရွက်လျက်ရှိသကဲ့သို့ မူးယစ်ဆေးဝါး အန္တရာယ်ဆိုးကျိုးများ အကြောင်းပညာပေး ဟောပြောမှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက အမှတ်၄အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့နယ် စဉ်အင်ကျေးရွာ မဟာပညာဗလ ဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံနှင့် ညနေ ၃နာရီတွင် လားရှိုးမြို့ အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌လည်းကောင်း လားရှိုးမူးယစ်(အထူး)အဖွဲ့ ကြီးကြပ်သူ အရာရှိဒုတိယရဲမှူးရဲနိုင်က မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများ၊ အိမ်သုံးဆေးအလွဲသုံးမှု အန္တရာယ်နှင့် ကော်ရှူခြင်းကြောင့်ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးအန္တရာယ်များ အကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ အဆိုပါ မူးယစ်ဆေးဝါးဆိုင်ရာ ပညာပေးဟောပြောမှုများကို ကျန်နေသေးသော ကျောင်းများနှင့် လူငယ်လူရွယ်များ၊ ပြည်သူများအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၇၂)

စာအုပ်စာစောင် လှူဒါန်း

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မယင်းကျေးရွာ စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များနှင့် နေ့စဉ်ထုတ် မြန်မာ့အလင်း သတင်းစာများကို အလှူရှင် ဦးနေဝင်းအောင်က လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင် ဦးတင်အေး လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စာပေမြင့်မှ လူမျိုးတင့်မည်

သနပ်ခါးဈေးမြင့်တက်မှုကြောင့် တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များ အခက်အခဲတွေ့

ပခုက္ကူ ဖေဖော်ဝါရီ ၂၄

ပခုက္ကူဒေသသည် ၂၀၀၀ ခုနှစ်နောက်ပိုင်းမှစတင်၍ ဖွံ့ဖြိုးတိုးတက်မှုကောင်းလာကာ လမ်းပန်းဆက်သွယ်မှုလည်း မြင့်မားလာသောကြောင့် ပခုက္ကူဒေသထွက် ရှင်မတောင်သနပ်ခါးများ ဈေးကောင်းရလာခဲ့သည်။ ရန်ကုန်-မန္တလေး သနပ်ခါးလုပ်ငန်းရှင်များက သနပ်ခါးစိုက်သူများကို ငွေကြိုတင်ပေးစနစ်ဖြင့် စာချုပ်များချုပ်ဆို လုပ်ကိုင်လာကြောင်းသိရသည်။ ပခုက္ကူဒေသတွင် သနပ်ခါးခြံတစ်ခြံသည် အပင်ရေလိုက်၍ ငွေကျပ် သိန်း၃၀၀ မှ သိန်း ၅၀၀ အထိ ဈေးရှိကာ ပခုက္ကူခရိုင်အတွင်း ရေစကြိုနှင့် မြိုင်နယ်သည် သနပ်ခါးကို စီးပွားဖြစ်စိုက်ပျိုး လာကြသည်။ သနပ်ခါး ဈေးမြင့်မားလာမှုကြောင့် ဒေသခံ တစ်ပိုင်တစ်နိုင် သနပ်ခါးခဲလုပ်ကိုင်သူအချို့ အခက်အခဲ ကြုံတွေ့လာရကြောင်း လေ့လာသိရှိရသည်။ သနပ်ခါးပင်ကြား၌ ပဲစင်းငုံ၊ ပဲတီစိမ်းပါ စိုက်သည့်အတွက် ရွာတိုင်း လိုလိုပင် သနပ်ခါးကိုစီးပွားဖြစ်စိုက်ပျိုးလာကြောင်း မြိုင်နယ်သားတစ်ဦးက ပြောသည်။

"သနပ်ခါး လုပ်ငန်းရှင်ကြီးတွေ၊ အမွေးတိုင် လုပ်ငန်းရှင်ကြီးတွေနဲ့ အပြိုင်လုပ်ရတဲ့အခါ ငွေပင် ငွေရင်းမမြုပ်နှံနိုင်တော့ အကျိုးအမြတ်က နည်းနည်းပဲ ရတော့တယ်။ အချို့လည်း အမြတ်မရတဲ့အပြင် အရင်းပါမြုပ်ကုန်တယ်"ဟု မြိုင်နယ်ဒေသခံ သနပ်ခါးခဲလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ရှင်းပြသည်။ သနပ်ခါးအစို တစ်ပိဿာ ၁၀ကျပ်တန် ၁၅ခဲ ထွက်ရှိပြီး လုပ်အားခအဖြစ် သနပ်ခါးခဲ တစ်ခဲ ငွေတစ်ကျပ်ပေးရပြီး တစ်နေ့ကုန် လုပ်လျှင် သနပ်ခါးခဲ ၁၅၀၀ ထိပြီးစီးကြောင်းသိရှိရသည်။

နေဦးမောင်-ပခုက္ကူ

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
နေပြည်တော် (ပုဗ္ဗသီရိမြို့)

အခြေခံယာဉ်မောင်းသင်တန်း စနေ/တနင်္ဂနွေ (အထူး)ကို ၂-၃-၂၀၁၃ ရက်တွင် ဖွင့်ပါမည်။ ၂၅-၂-၂၀၁၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။ **ခ** လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးပါသည်။ နယ်မှသင်တန်းတက်ရောက်လိုသူများအတွက် နေထိုင်စားသောက်ရေးစီစဉ်ပေးပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၅၁၀၀၃၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အငြိမ်းစားဝန်ထမ်းများသိသာရန်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားယူခဲ့သည့်ဝန်ထမ်းများအား တိုးမြှင့်ပင်စင်ခံစားခွင့်ရရှိရေးကိစ္စများ ဆောင်ရွက်ပေးလျက်ရှိရာတွင် လာရောက်ဆက်သွယ်သတင်းပို့ရန် ကျန်ရှိသောအငြိမ်းစားဝန်ထမ်းများရှိနေပါသဖြင့် တိုးမြှင့်ပင်စင်ခံစားခွင့်ရရှိရေးကို ဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့တော်ခန်းမရှိ ဘတ်ဂျတ်နှင့်ငွေစာရင်းဌာနနှင့် အမြန်ဆုံးလာရောက်ဆက်သွယ်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဌာနမှူး
ဘတ်ဂျတ်နှင့်ငွေစာရင်းဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အလက(၄)၊ ဆဋ္ဌမတန်း(A)မှ မရို(စ်)၏မိဘအမည်မှန်မှာ ဦးသောင်းစိန် ၁/မကန(နိုင်)၀၉၈၆၇၃-ဒေါ်ဇေလီစဘက်နင်ရမ် ၁/ပတအ(နိုင်)၀၂၅၈၆၂ ဖြစ်ပါသည်။

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့် အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ၊ မွေးမြူရေးဆိုင်ရာစာတမ်းဖတ်ပွဲ၊ မွေးမြူရေးဆိုင်ရာ ထွက်ကုန်ပစ္စည်း၊ ဆေးဝါးအသုံးအဆောင်ပစ္စည်းအရောင်းဆိုင်များ ဈေးပွဲတော်ကို ၂၀၁၃ခုနှစ် မတ် ၃ ရက်နှင့် ၄ရက်များတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အဆောက်အအုံဝင်း၊ ဘုရင့်နောင်လမ်းနှင့် စက်မှုဆေးဝါးလမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲကို ခွေးကြီး၊ ခွေးလတ်၊ ခွေးငယ်၊ ပါပီ၊ ခွေးလိမ္မာနှင့် ကြောင်စသည်ဖြင့်ဟူ၍ အုပ်စုများခွဲ၍ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နောက်ဆုံးထား၍ လျှောက်ထားကြရန်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ကြေးမှာ ခွေးတစ်ကောင်လျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်း)နှင့် ကြောင်တစ်ကောင်လျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်)ဖြစ်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာများကို မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရုံးနှင့် တိရစ္ဆာန်ဆေးကုခန်းများတွင် ဝယ်ယူရရှိနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဒေါက်တာကျော်ဆန်းအောင် ဖုန်း-၀၉-၅၁၀၉၄၃၄၊ ဒေါက်တာ အိသန္တာကျော် ဖုန်း-၀၉-၅၁၈၈၉၉၁ တို့ထံ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြိုင်ပွဲအား အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။

မိခင်အမည်မှန်

ဦးကွေဖန်း၏သား မြစ်ကြီးနားမြို့၊ အလက(၃)၊ အဋ္ဌမတန်း(B)မှ မောင်ကျော်ဝင်းထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်ကျန်းရုံးရှင်ဖြစ်ပါသည်။

အမည်ပြောင်းလဲခေါ်ပါရန်

မိုင်းပျဉ်းမြို့၊ ပိန်းဆန်းရပ်ကွက်နေ ဦးစိုင်းအောင်ဖုး၏သမီး နန်းမိုင်ငင်းကို နန်းဝိုင်ငင်းဟု ပြောင်းလဲခေါ်ပါရန်။

နန်းဝိုင်ငင်း
၁၃/မပတ(နိုင်)၀၃၂၈၁၇

အမည်မှန်

ဦးဖရန်ဂန်ယောရှု၏သား ကျိုင်းတုံမြို့၊ အထက(၃)၊ ပဉ္စမတန်း(က) မှ မောင်ထင်ဆားရာမ်၏အမည်မှန်မှာ မောင်ထင်ဆားရ်ရာမ် ဖြစ်ပါကြောင်း။ **မောင်ထင်ဆားရ်ရာမ်**

ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အထက(၃)၊ Grade XI ရှိ မခင်မေကိုဦးနှင့် Grade X ရှိ မောင်ထက်လွင်ဦးတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ ဦးချိုဟန်မင်းဖြစ်ပါသည်။ **ဦးချိုဟန်မင်း LTA-003160**

အမည်ပြောင်း

ဦးစန်းလွင်၏သား ကြို့ပင်ကောက်မြို့နယ် ကျွန်းကုန်းကြီး အလက အဋ္ဌမတန်းမှ အောင်မျိုးသန့်အား ယနေ့မှစ၍ အောင်မျိုးခန့်ဟု ခေါ်ပါရန်။

အောင်မျိုးခန့်

မွေးသက္ကရာဇ်မှန်

ဦးတူးလွမ်၏သား ကျိုင်းတုံမြို့ အထက-၂၊ နဝမတန်းမှ မောင်ဝွန်လတ်မော၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၆-၁၉၉၈ ဖြစ်ပါသည်။

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ကျင်းပမည့် Computer Based Test (CBT) စနစ်ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံးသုံးနှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာ နေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတို့တွင် လုပ်ကိုင်ခဲ့ကြသည့် အလုပ်သမားများအတွက် ထပ်မံသွားရောက် အလုပ်လုပ်ကိုင်နိုင်ရေး ရည်ရွယ်ပြီး Computer Based Test (CBT) စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော ပထမအကြိမ်ကိုရီးယားဘာသာအရည်အချင်းစစ် အထူးစာမေးပွဲ ဖြစ်ပါသည်။ ထိုစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားသား လုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၁။ စာမေးပွဲကျင်းပမည့် နေ့ရက်၊ အချိန်

(က) ၂၈-၃-၂၀၁၃ ရက် (ကြာသပတေးနေ့)နှင့် ၂၉-၃-၂၀၁၃ရက် (သောကြာနေ့)

(ခ) ၉း၃၀ နာရီမှ ၁၀း၄၀ နာရီအထိ ပထမပိုင်းနှင့် ၁၁း၅၀ နာရီမှ ၁၃း၀၀ နာရီအထိ (ဒုတိယပိုင်း)နှစ်ကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား ၃၀ ဦး စစ်ဆေးပါမည်။

- စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် ၈း၃၀ နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့် သူများသည် ၁၀း၅၀ နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းများတွင် နေရာယူပြီးဖြစ်ရပါမည်။

၂။ စာမေးပွဲကျင်းပမည့်နေရာ

- CBT Center အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား

လုပ်ငန်းအမျိုးအစား	အောင်စာရင်းသတ်မှတ်ချက်
ကုန်ထုတ်လုပ်ငန်း စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်း ဆောက်လုပ်ရေးလုပ်ငန်း	အမှတ်ပြည့် ၂၀၀ ရှိသည့်အနက် အမှတ်(၈၀)အထက် ရရှိသူများအား အမှတ်အနည်း/အများအလိုက် သတ်မှတ်အရေအတွက်သာအောင်မြင်ခွင့် (ခန့်မှန်းဦးရေ)

- အောင်မြင်မှုနှုန်းသည် သတ်မှတ်ချက်ဦးရေပေါ်မူတည်ပြီး စာမေးပွဲအောင်မြင်သူဦးရေကို စဉ်းစားနိုင်ပါသည်။
- စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာဖြည့်စွက်စဉ် မိမိလျှောက်ထားလိုသည့် အလုပ်အကိုင်အမျိုးအစားအား စိုက်ပျိုးရေး/မွေးမြူရေး(သို့မဟုတ်) ကုန်ထုတ်လုပ်ငန်းတစ်ခုကိုသာ ရွေးချယ်ရမည်ဖြစ်ပြီး ရွေးချယ်ထားပြီးသောလုပ်ငန်းအမျိုးအစားအား သတ်မှတ်စည်းမျဉ်းအရ ပြောင်းလဲခွင့်မရှိပါသဖြင့် ဂရုပြုဖြည့်စွက်ရပါမည်။ ယခင်လုပ်ကိုင်ခဲ့သောလုပ်ငန်းဌာနတွင် ပြန်လည်လုပ်ကိုင်လိုပါက ထိုလုပ်ငန်းကို ရွေးချယ်ဖော်ပြနိုင်ပါသည်။

၄။ သတ်မှတ်ချက်များ

(က) အသက် ၁၈ နှစ်မှ ၃၉ နှစ်အတွင်း
(၁၉၇၃ ခုနှစ် မတ်လ ၇ ရက်မှ ၁၉၉၅ ခုနှစ် မတ်လ ၆ရက်အတွင်း မွေးဖွားသူ)

(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း၊ ပြန်ပို့ခြင်းမခံရသူ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်)

(ဃ) ကျန်းမာရေးကောင်းမွန်သူ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၅။ စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း

(က) လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက် - ၆-၃-၂၀၁၃ရက်မှ ၈-၃-၂၀၁၃ရက်အတွင်း နေ့စဉ် ၀၉း၃၀ မှ ၁၆း၃၀ နာရီအထိ

(ခ) လျှောက်လွှာထုတ်ပေး/လက်ခံဌာန - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) လျှောက်လွှာတင်ရမည့်နည်းလမ်း - လျှောက်ထားသူကိုယ်တိုင်လာရောက်တင်ရမည်။

(ဃ) လိုအပ်သည့် စာရွက်စာတမ်းများ

(၁) စာမေးပွဲလျှောက်လွှာ (စာမေးပွဲခုံနံပါတ် ပါရှိပြီးဖြစ်ပါ၍ တစ်ဦးလျှင် တစ်စောင်သာထုတ်ပေးမည်။)

(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူတစ်စောင် (မှတ်ချက်။ ။ကိုရီးယားသမ္မတနိုင်ငံမှ ထွက်ခွာခဲ့သည့် နိုင်ငံကူးလက်မှတ်/မိတ္တူ) စာမေးပွဲလျှောက်လွှာတွင် သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။

(၃) (၃.၅စမ×၄.၅ စမ) ပတ်စပို့ဓာတ်ပုံနှစ်ပုံ (ခြောက်လအတွင်းရိုက်ကူးထားသောဓာတ်ပုံ)

(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့်ငွေရပြေစာ

(င) စာမေးပွဲဖြေဆိုခ- နိုင်ငံခြားငွေလက်မှတ် (FEC)-24

- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၆။ စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာမည့်ရက်

(က) ကြေညာမည့်ရက် ၁၂-၄-၂၀၁၃ရက်

(ခ) ကြေညာမည့်နည်းလမ်း

(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊

(၂) ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK) နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage (http://www.eps.go.kr), Homepage (http://epstopik.hrdkorea.or.kr), (http://www.hrdkorea.go.kr)

(၃) စာမေးပွဲသက်တမ်း (၁၂-၄-၂၀၁၃မှ ၁၂-၄-၂၀၁၅)(အောင်စာရင်းထုတ်ပြန်ကြေညာသည့်ရက်မှ နှစ်နှစ်တာ)

၇။ စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း

မေးခွန်းပုံစံ	မေးခွန်းအရေအတွက်	အမှတ်ပေါင်း	ဖြေဆိုချိန်	မှတ်ချက်
အဖတ်စွမ်းရည် (Reading)	၂၅ပုဒ်	၁၀၀	၄၀မိနစ်	အဖတ်စွမ်းရည်စာမေးပွဲ နှင့်အကြားစွမ်းရည် စာမေးပွဲအား တစ်ဆက်တည်းဖြေဆိုရမည်
အကြားစွမ်းရည် (Listening)	၂၅ပုဒ်	၁၀၀	၃၀မိနစ်	
စုစုပေါင်း	၅၀ပုဒ်	၂၀၀	၇၀မိနစ်	

၈။ စာမေးပွဲဖြေဆိုသည့်ရက်တွင် ဖြေဆိုသူယူဆောင်လာရန်

(က) ဖြေဆိုခွင့်ကတ်ပြား

(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)မူရင်း

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ်(က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၉။ သတိပြုရန်အချက်များ

(က) စာမေးပွဲအောင်သူများ၏အမှတ်စာရင်းအား ၁၂-၄-၂၀၁၃ရက်မှစ၍ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကြေညာပေးပါမည်။

(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့် နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် စက်ပစ္စည်းများ (လက်ကိုင်တယ်လီဖုန်း၊ ကက်ဆက်၊ MP3၊ လျှပ်စစ်လက်ကိုင်အဘိဓာန်စသည်များ)အား ယူဆောင်လာခွင့်မရှိပါ။

(ဂ) စာမေးပွဲအတွင်း မမှန်ကန်သည့်အပြုအမူများ လုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား နှစ်နှစ်ကြာ ပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။

(ဃ) စာမေးပွဲလျှောက်လွှာတွင် ရေးသားဖြည့်စွက်ခဲ့သော အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ် စသည့်အချက်များသည် နိုင်ငံကူးလက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့် တူညီရန်လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အမည်စာရင်းထည့်သွင်းခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်များ ရရှိမည်မဟုတ်ပါ။ ရေးသားဖြည့်စွက်သူ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်း အထူးသတိ ပေးအပ်ပါသည်။

(င) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများသို့လျှောက်ထားလိုသူများသည် ယင်းလုပ်ငန်းတွင် လက်တွေ့လုပ်ကိုင်နေသူများနှင့် လုပ်ငန်းသဘောသဘာဝအရ အမိုးအကာမရှိသော လယ်ကွင်းများ၊ တောင်စောင်း၊ တောင်ကုန်းများတွင် လုပ်ကိုင်နိုင်သူများ ကိုရီးယားသမ္မတနိုင်ငံ၏ ရာသီဥတု**(ဆောင်းရာသီတွင် -၁၉ ဒီဂရီစင်တီဂရိတ်)**ကို ခံနိုင်စွမ်းရှိသူများ ဖြစ်ရပါမည်။

(စ) မိမိလျှောက်ထားသည့် လုပ်ငန်းမှအပ အခြားလုပ်ငန်းသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။

(ဆ) အထက်ပါအချက်များအား သဘောတူလက်ခံမှသာ မိမိဆန္ဒဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။

- ⁎ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲအား အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့်ရရှိရုံမျှသာဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက်အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့် အာမခံနိုင်ခြင်းမရှိပါ။ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင် မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်သားခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။
- ⁎ ထို့ပြင် ကျန်းမာရေးစစ်ဆေးမှုတွင် မအောင်မြင်သည်ဖြစ်စေ၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိသည်ဖြစ်စေ အစရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ခွင့် ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ် ရွေးချယ်ခြင်းမခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

- ⁎ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ တစ်ခုတည်းသာ မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးနိုင်သော တရားဝင်လုပ်ပိုင်ခွင့်ရရှိထားပါသည်။
- ⁎ ပုဂ္ဂလိကအဖွဲ့အစည်းများက အလုပ်သမားများ စေလွှတ်သည့်ကိစ္စတွင် ပါဝင်ပတ်သက်နေပါက တရားဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ပါသည်။

အများသိစေရန်ကြေညာခြင်း

ဦးငွေအောင် ၁၂/မဂတ(နိုင်) ၀၆၉၁၁၂၊ ဦးကျော်ဝင်း MTMT-၀၂၉၅၇၂ နှင့် ဒေါ်နုနုရင် ၁၂/သဃက (နိုင်)၀၃၃၃၆၉ တို့ကိုပေးထားသော အထွေထွေကိုယ်စားလှယ် အမှတ် ၆၆၉၆/၂၀၁၂ အား ၂၀-၂-၂၀၁၃ ရက်တွင် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်နုနုရင်**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ ဒက္ခိဏသီရိအနောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ဒ-၃၂၆၅၄၊ ဧရိယာ ၀ ဒသမ၁၄၆ ဧကရှိ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး အမည်ဖြင့်ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဒေါ်အားဂူး ၁၃/တယန(နိုင်)၀၃၉၂၃၆ (ဘ)ဦးလောက်ဖူး ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေကွက်အမည်ပြောင်း လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

Hotel Apple (Nay Pyi Taw)
Room Rate - 18000 Kyats
ph:09-8636624

Central Link (ကျောင်းခွဲမရှိပါ)
Language Training Centre
မေလတွင်ကျင်းပမည့်(ပဥ္စမ)အကြိမ်မြောက်E.P.S(TOPIK) စာမေးပွဲကိုသင်ရိုးစာအုပ်အသစ်ဖြင့်စတင်စစ်ဆေးမည်ဖြစ်သောကြောင့်ဝင်ရောက်ဖြေဆိုမည့်ကျောင်းသားများအတွက် (အနီးကပ်) သင်တန်းများကို ဖွင့်လှစ်ပေးပါမည်။
(အမျိုးသမီးများလည်းတက်ရောက်နိုင်ပါသည်။)
Central Link ကျောင်းမှ E.P.S(TOPIK) ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားများအတွက်ပတ်စပို့မရှိသေးသူများအား လမ်းညွှန်ဆောင်ရွက်ပေးခြင်း၊စာမေးပွဲလျှောက်လွှာဖြည့်ပေးခြင်း၊စာမေးပွဲဖြေဆိုချိန်တွင်အခက်အခဲမရှိစေရန်ဆောင်ရွက်ပေးခြင်း၊စာမေးပွဲအောင်မြင်ပြီးပါကအလုပ်လျှောက်လွှာတင်သည်မှ ကိုရီးယားနိုင်ငံသို့ ထွက်ခွာချိန်အထိ လိုအပ်သော ကူညီပံ့ပိုးမှုများကို ဝန်ဆောင်မှုပေးပါသည်။
သင်တန်းဖွင့်လှစ်မည့်ရက်နှင့်သင်တန်းချိန်များကို
အသေးစိတ်စုံစမ်းရန် Ph: 09 73190040, 09 8651531
အမှတ်၁၂၃၊ဘီ-၂/၁၂၅-၂၊
ဦးချစ်မောင်လမ်း(မင်းလမ်းမှတ်တိုင်နှင့်ဈေးကွေ့မှတ်တိုင်ကြား)ဗဟန်း။

ဗိန္ဒုရတနာ
Riso၊ မိတ္တူ၊ ကွန်ပျူတာ
အမှတ်(၇၆)၊ ၃၂လမ်း(အောက်)၊ ရန်ကုန်မြို့။
Ph : 1-388115, 095102750,09 730 29969
50,000/- Ks အထက်အားပေးသူများကို **5% Discount**
100,000/- Ks အထက်အားပေးသူများကို **5% Discount**
